ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။ လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်၊ တနင်္လာနေ့။ Monday, 12 June 2023 ၁၁၁၂၄

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။
၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။
၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။
၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။
၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## “မိုခါ” မုန်တိုင်းဒဏ်သင့်ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ (၄) (ကျန်းမာရေးဝန်ကြီးဌာန)

ဆောင်းပါး စာမျက်နှာ » ၆



## ကချင်ပြည်နယ်အတွင်း ယခုပညာသင်နှစ်တွင် ကျောင်းဖွင့်လှစ်မှုနှင့် ကျောင်းအပ်နှံမှုတိုးတက်လာ

မြစ်ကြီးနား ဇွန် ၁၁

ကချင်ပြည်နယ်အတွင်း ၂၀၂၂-၂၀၂၃ ပညာသင်နှစ်ထက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ကျောင်းဖွင့်လှစ်နိုင်မှုနှင့် ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံမှုမြင့်တက်လာကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။

“၂၀၂၂-၂၀၂၃ ပညာသင်နှစ်မှာ ဇွန်လကုန်အထိ အခြေခံပညာကျောင်းပေါင်း ၁၅၇၉ ကျောင်းရှိတဲ့အနက်မှာ ၁၃၇၄ ကျောင်းအထိ ဖွင့်လှစ်ခဲ့ပြီး အခု ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှာ အခြေခံပညာကျောင်းပေါင်း ၁၅၇၉ ကျောင်းရှိတဲ့အနက် ၁၃၉၃ ကျောင်းဖွင့်လှစ်နိုင်တာကြောင့် စာမျက်နှာ ၅ ကော်လံ ၅ သို့ ✻

### ယနေ့ ဖတ်စရာ

ရေထွက်ကုန်ပစ္စည်းများ၏ ထုတ်လုပ်မှုဆိုင်ရာစံနှုန်းများ၊ ကုန်ပစ္စည်းဆိုင်ရာ စံချိန်စံညွှန်းအရည်အသွေးများနှင့် အညီဖြစ်စေရေးအတွက် စနစ်တကျကြပ်မတ်ဆောင်ရွက်
စာမျက်နှာ » ၄

မိုခါမုန်တိုင်းသင့်ပြည်သူများအတွက် မြန်မာ့ဆေးဝါးလုပ်ငန်းမှထုတ်လုပ်သော ကျပ်သိန်း ၁၀၀ တန်ဖိုးရှိ ဆေးဝါးခုနစ်မျိုးကို ပေးအပ်လှူဒါန်း
စာမျက်နှာ » ၅

ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့်ဒေသများမှ ဒေသခံပြည်သူများအား မြို့နယ်အလိုက် သတ်မှတ်နေရာများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ
စာမျက်နှာ » ၈

ဈေးထဲက သောကကို နားလည်ပါ
ဆောင်းပါး စာမျက်နှာ » ၉

ကြေးမုံ

# စားသောက်ကုန်များ ဖူလုံအဆင်ပြေရေးကြိုးပမ်း

စားရေရိက္ခာ ဖူလုံအဆင်ပြေခြင်းသည် ပြည်သူများ ရှင်သန်ဖွံ့ဖြိုးရေးအတွက် အရေးကြီးသောကဏ္ဍဖြစ်သည်။ တစ်နေ့တခြား တိုးပွားလာသောလူဦးရေအတွက် စားရေရိက္ခာလောက်ငဖူလုံအောင် နိုင်ငံအများက အစဉ်ကြံဆ ကြိုးပမ်းဆောင်ရွက်နေကြသည်။ မြန်မာနိုင်ငံအနေဖြင့် ရေခံ၊ မြေခံ၊ သဘာဝအခြေခံကောင်းများစွာ ပိုင်ဆိုင်ထားသဖြင့် တိုးပွားလာသောလူဦးရေအတွက် လိုအပ်မည့်စားရေရိက္ခာနှင့် ပတ်သက်၍ ပူပန်စရာမရှိပေ။

လက်ရှိတွင် အစိုးရအနေဖြင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နေသည်။ သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရန် ဒေသထွက်ကုန်ကြမ်းများကိုအခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများကို ဖော်ဆောင်လျက်ရှိသည်။

“တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး” စီးပွားရေးဦးတည်ချက်ပါအတိုင်း စားရေရိက္ခာဖူလုံရေးကို တစိုက်မတ်မတ် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေကြသည်။ အဓိကမှာ ပြည်သူများ၏ လူမှုဘဝ၌ နေ့စဉ်အရေးကြီးသည့် စားရေးနှင့်ပတ်သက်၍ အဆင်ပြေလွယ်ကူစွာ ဝယ်ယူစားသုံးနိုင်ရေးကို အလေးထားဆောင်ရွက်နေကြသည်။ လက်ငင်းတွင် ပြည်သူများကြုံတွေ့နေရသည်မှာ စားရေရိက္ခာအတွက် အခက်အခဲမရှိသော်လည်း ဝယ်ယူစားသုံးရေး၌ တစ်နေ့တခြား ဈေးနှုန်းကြီးမြင့်လာမှုကို ခံနေရပေသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇွန်လ ၁၀ ရက်နေ့က သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်သို့သွားရောက်စစ်ဆေးစဉ် “ပြည်သူလူထုအနေဖြင့် အခြေခံစားသောက်ကုန်ပစ္စည်းများကို နေ့စဉ်မဖြစ်မနေ ဝယ်ယူစားသုံးနေရသောကြောင့် အခြေခံစားကုန်များ ဈေးနှုန်းကြီးမားမှုမရှိစေရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အစိုးရအနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးကို အလေးထားအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကို မလိုလားသူများအနေဖြင့် မိမိတို့စတင်တာဝန်ယူစဉ်ကပင် စီးပွားရေးပိတ်ဆို့ခြင်း၊ ကုန်ပစ္စည်းများ ဈေးနှုန်းတက်အောင်ဆောင်ရွက်ခြင်း၊ ငွေကြေးလည်ပတ်မှုအခက်အခဲဖြစ်အောင် ဆောင်ရွက်ခြင်းများဖြင့် နိုင်ငံရေးအခက်အခဲအကျပ်အတည်းများဖြစ်အောင်ဆောင်ရွက်ခဲ့ကြောင်း” ပြောကြားခဲ့သည်။

ပြည်သူများအနေဖြင့် စားရေးအတွက် စိုးရိမ်ပူပန်မှု ကြီးကြီးမားမားမရှိဘဲ အဆင်ပြေချောမွေ့စွာ ဝယ်ယူစားသုံးလိုကြသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ လူမှုစီးပွားဘဝအဆင်ပြေစေရေးအတွက် စားရေရိက္ခာဖူလုံရေးကို အလေးထားဆောင်ရွက်ပေးနေသည်။ သို့သော် အချို့လုပ်ငန်းရှင်များအနေဖြင့် မတော်လောဘကြောင့်သော်လည်းကောင်း၊ နိုင်ငံရေးအရသော်လည်းကောင်း နိုင်ငံတွင် အခက်အခဲအကျပ်အတည်းများဖြစ်လာအောင် ပြုလုပ်မှုများရှိနေသည်ဟု သုံးသပ်မိသည်။ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်နှင့်လူမျိုးအပေါ် နှောင့်ယှက်မှုများကို ဖြေရှင်းကျော်လွှားခဲ့ပြီးဖြစ်သည်။ ထပ်မံကြုံတွေ့လာမည့် အခက်အခဲများကို ဆက်လက်ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါသည်။

စီးပွားရေးတွင် ပြည်သူလူထုအကျိုးကိုရှေးရှု၍ စားသောက်ကုန်ဈေးနှုန်းများ တည်ငြိမ်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၌ ဆန်၊ ဆီစသည့် စားသောက်ကုန်ပစ္စည်းများ လုံလောက်အောင်ထွက်ရှိသည်။ ဆန်၊ ဆီ၊ သား၊ ငါး၊ ဟင်းသီးဟင်းရွက်များနှင့်ပတ်သက်၍ ရန်ကုန်၊ ဧရာဝတီ၊ ပဲခူးတိုင်းဒေသကြီးတို့မှ အလုံအလောက်ထွက်ရှိသည်။ လူဦးရေအထူထပ်ဆုံးဖြစ်သည့် ရန်ကုန်မြို့နေပြည်သူများအတွက် ခရီးမဝေးဘဲ နေ့စဉ်ပို့ဆောင် ရောင်းဝယ်ဖောက်ကားနေကြသည်။ ပို့ဆောင်ရေးစရိတ်မှာ ကြီးကြီးမားမားရှိမည်မဟုတ်သော်လည်း စားသောက်ကုန်များ မူရင်းဒေသပေါက်ဈေးထက် အဆမတန်ဈေးနှုန်း ကွာဟနေသည်။

ထို့ကြောင့် စားသောက်ကုန်များ ဈေးနှုန်းမကြီးမြင့်စေရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးတက်အောင်မြင်အောင် ဆောင်ရွက်ရန်၊ ဝိသမလောဘသားများအနေဖြင့် စားသုံးကုန်ဈေးနှုန်းများကို ထိုက်သင့်သည့်ဈေးထက် ပိုမိုဈေးတင်ရောင်းချနေမှုအပေါ် တာဝန်ရှိသူများအနေဖြင့် စိစစ်ရန်၊ အဓိကအားဖြင့် ရန်ကုန်တိုင်းဒေသကြီးရှိပြည်သူများ ကုန်ဈေးနှုန်းကြီးမြင့်မှုဒဏ်မခံရစေရေး ဒေသတွင်းရှိ ကုန်ထုတ်လုပ်မှုစွမ်းအားဖြင့် ဆောင်ရွက်ရန်နှင့် ပြင်ပမှတင်သွင်းမှုများကို သက်သာသောဈေးနှုန်းဖြင့် ရရှိရေးဆောင်ရွက်ရန် နိုင်ငံတော်အကြီးအကဲ၏မှာကြားချက်များကို အလေးထားဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

# အစိမ်းရောင်ဖွံ့ဖြိုးရေးနှင့် အိမ်တွင်းလေထုညစ်ညမ်းမှုလျှော့ချရေး ဟောပြောပွဲ ကျင်းပ

ဟိုပုံး ဇွန် ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အိမ်တွင်းလေထုညစ်ညမ်းမှုလျှော့ချရေး အသိပညာဗဟုသုတများရရှိစေရန် ရည်ရွယ်၍ ကျင်းပသည့် အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းတွင် ကျောက်တန်းခေတ်မီစံပြကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလွင်မြင့်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ မျိုးမြတ်မင်းနှင့် ကျန်းမာရေးမှူး ဒေါ်စိုးစိုးနိုင်တို့က ပတ်ဝန်းကျင်လေထုညစ်ညမ်းမှု၊ တစ်ကိုယ်ရေသန့်ရှင်းမှုအားနည်းခြင်း၊ အိမ်တွင်းညစ်ညမ်းမှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကူးစက်ရောဂါအမျိုးမျိုးနှင့် ကြိုတင်ကာကွယ်ခြင်းနည်းလမ်းများ၊ ဆောင်ရန်ရှောင်ရန် စသည့်ကျန်းမာရေးအသိပညာဗဟုသုတများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်



ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်ကြည်က ပလတ်စတစ်အိတ်သုံးစွဲမှုလျှော့ချခြင်း၏ အကျိုးကျေးဇူးများ၊ အမှိုက်အမျိုးအစားများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအသိပညာများကို ဟောပြောဆွေးနွေးခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများနှင့် ကျောင်းသားကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

၂၂

# ကဝမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



ကဝ ဇွန် ၁၁

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်၌ ၂၀၂၃ ခုနှစ် မိုးရာသီကာလတွင် အုန်းနဲ့စံပြကျေးရွာ စက်မှုစိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၉ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော် ၂၅ ပင်၊ ခရေ ၂၅ ပင်၊ စိန်ပန်း ၂၅ ပင်၊ ငုရွှေဝါ ၂၅ ပင်၊ ပျဉ်းမပင် ၅၀ စုစုပေါင်း အပင် ၁၅၀ တို့ကို စိုက်ပျိုးခဲ့ကြသည်။ အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတော်သို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဝန်ထမ်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ခရိုင်၊ မြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# တိုက်ကြီးမြို့နယ်၌ ဆပ်ပြာပြုလုပ်နည်းသင်တန်းဆင်းပွဲ ကျင်းပ

တိုက်ကြီး ဇွန် ၁၁

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဂေါ့ကျေးရွာတွင် ဇွန် ၉ ရက် နံနက်ပိုင်းက ဆပ်ပြာပြုလုပ်နည်းသင်တန်း (၃/၂၀၂၃)ဆင်းပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းဆင်းပွဲတွင် တိုက်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်လဲ့လဲ့မွန်က သင်တန်းဆင်းအမှာစကား ပြောကြားခဲ့ပြီး မြောက်ပိုင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရဲဇော်ထွန်းနှင့် တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုသီတာလင်းတို့က သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းနည်းပြဆရာမနှစ်ဦးအား နည်းပညာထောက်ပံ့ကြေးများ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို ဇွန် ၅ ရက်မှ ၉ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး သင်တန်းတွင် ဘက်စုံသုံးဆပ်ပြာရည်၊



ဆပ်ပြာခဲ၊ ခေါင်းလျှော်ရည်နှင့် လက်သန့်ဆေးရည်စသည့် လူသုံးကုန်ပစ္စည်းပြုလုပ်နည်းများကို သင်ကြားပေးခဲ့ကာ သင်တန်းသို့ ကျေးရွာနေပြည်သူ သင်တန်းသား သင်တန်းသူ ၁၅ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **သတင်းထောက်များ** | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်** | - ဦးနိုင်လင်းကြည်၊ | **စာပြင်** | - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| **စာတည်းများ** | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဦးကျော်သူရနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့်အဖွဲ့ စစ်တွေမြို့ရှိ သာသနိကအဆောက်အအုံများ၊ စာသင်ကျောင်းဆောင်များ ပြန်လည်ပြုပြင်မွမ်းမံပြီးစီးမှုများကို ကြည့်ရှုစစ်ဆေး

**စစ်တွေ ဇွန် ၁၁**

စစ်တွေမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမျိုးသန့်၊ ဒေါက်တာသက်သက်ခိုင်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့သည် ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမသို့ ရောက်ရှိကြပြီး ခန်းမအမိုးမိုးခြင်း လုပ်ငန်းပြီးစီးမှု၊ မျက်နှာကြက်၊ ပြတင်းတံခါးများ၊ ရေ၊ မီး ပြုပြင်ခြင်းလုပ်ငန်းနှင့် ခန်းမအတွင်းပိုင်း ဒီဇိုင်းများ ပြင်ဆင်ဆောင်ရွက်သွားမည့် အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် အဖွဲ့သည် စစ်တွေမြို့ ပြည်တော်သာရပ်ကွက် ဒက္ခိဏာရာမ ပရိယတ္တိစာသင်တိုက်သို့ သွားရောက်ပြီး စာသင်တိုက် ပဓာနနာယက ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တမေဃိယအား ဖူးမြော်ကြည်ညို၍ ပရိယတ္တိစာပေ သင်ကြားပို့ချနေမှု၊ သာသနိက အဆောက်အအုံများ ပြန်လည် ပြုပြင်မွမ်းမံပြီးစီးမှု၊ ဆရာတော်၊ သံဃာတော်များ သီတင်းသုံးမှု အခြေအနေနှင့် သာသနာရေးဆိုင်ရာ ကိစ္စရပ်များကို လျှောက်ထားကာ နေ့ဆွမ်း၊ လှူဖွယ်ဝတ္ထု ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်းသည်။

**အားပေးစကားပြောကြား**

ယင်းနောက် စစ်တွေမြို့ ဆတ်ရိုးကျရပ်ကွက်ရှိ ဝေဠုဝန်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ ရောက်ရှိကြပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။

ထို့နောက် ဝေဠုဝန်ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တခေမာဝံသအား ဖူးမြော်ကြည်ညိုပြီး ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားမှု အခြေအနေ၊ စာသင်ဆောင်များ အခြေအနေနှင့် သာသနာရေးဆိုင်ရာကိစ္စရပ်များကို လျှောက်ထား၍ နေ့ဆွမ်း၊ လှူဖွယ်ဝတ္ထုပစ္စည်းနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။





ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် တာဝန်ရှိသူများ စစ်တွေမြို့ ဦးဥတ္တမခန်းမ ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ဆက်လက်၍ ဝေဠုဝန်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် တက်ရောက် ပညာသင်ယူနေကြသည့် ကျောင်းသား ကျောင်းသူများကို စားသောက်ဖွယ်ရာများ ဝေငှပေးပြီး ကျောင်းဆောင်သစ် ဆောက်လုပ်ရန် လျာထားသည့် မြေနေရာကို ကြည့်ရှုသည်။

အဆိုပါ ဝေဠုဝန်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် KG အတန်းမှ Grade-8 အတန်းအထိ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၈၃၂ ဦးတက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် အဖွဲ့သည် စစ်တွေမြို့ ကျောင်းတက်လမ်းရပ်ကွက်ရှိ ဆရီဆရီမိုဟာဒေဗ့ဘာရီ(မဟာသီဝ)ဟိန္ဒူဘုရားရှိခိုးကျောင်းသို့ ရောက်ရှိကြပြီး မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရားကျောင်း ပြန်လည် ပြုပြင်မွမ်းမံခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှု၍ လိုအပ်သည့်သွပ်နှင့်သစ်များကိုဖြည့်ဆည်းဆောင်ရွက်ပေးကာ (မဟာသီဝ) ဟိန္ဒူဘုရားရှိခိုးကျောင်း တာဝန်ရှိသူထံ စားသောက်ဖွယ်ရာများ လှူဒါန်းသည်။

ယင်းနောက် စစ်တွေမြို့ မေယုလမ်းနှင့် ချင်းပျံလမ်းထောင့်ရှိ ရှင်မာကုကသီဒြယ် ခရစ်ယာန်ဘုရားရှိခိုးကျောင်းသို့သွားရောက်ပြီး မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရားကျောင်း ပြန်လည် ပြုပြင်မွမ်းမံခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှု၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ကျောင်းထိုင်ဘုန်းတော်ကြီးအား စားသောက်ဖွယ်ရာများ လှူဒါန်းခဲ့သည်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနိုင်ရန်အတွက် ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အခြေခံပညာကျောင်းများကို ဦးစားပေးအဆင့်သတ်မှတ်၍ ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

မိုခါ မုန်တိုင်းဒဏ်ကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်း စုစုပေါင်း ၁၅၃၈ ကျောင်း ထိခိုက်ပျက်စီးခဲ့ရာ ပြုပြင်ဆောင်ရွက်ပြီး ၃၇၅ ကျောင်း၊ ပြုပြင်ဆောင်ရွက်ဆဲကျောင်း ၉၉၀ နှင့် ပြုပြင်ဆောင်ရွက်ရန်ကျန် ၁၇၃ ကျောင်းရှိကြောင်း သိရသည်။

ပညာသင်ကြားမှု အနေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများသို့ ဇွန် ၁၀ ရက်အထိ လာရောက်ကျောင်းအပ်နှံသည့် ကျောင်းသားဦးရေ စုစုပေါင်း ၄၇၅၃၆၀ ရှိကြောင်းနှင့် အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



မုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်တွေမြို့ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းအား ပြန်လည်ပြုပြင်မွမ်းမံပြီးဖြစ်၍ ကျောင်းများဖွင့်လှစ်နေသည်ကို တွေ့ရစဉ်။

# ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲက ဆက်လက် ကပြသီဆိုဖျော်ဖြေ

**နေပြည်တော် ဇွန် ၁၁**

ရခိုင်ပြည်နယ်အတွင်းရှိ မိုခါမုန်တိုင်းဒဏ်သင့် ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စိတ်ရွှင်လန်းချမ်းမြေ့စေရန်နှင့် ပင်ပန်းနွမ်းနယ်မှုများ ပြေပျောက်စေရန်အတွက် ယနေ့ ညနေပိုင်းတွင် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် စစ်တွေတပ်နယ်ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ စစ်သည်/စစ်သမီးများက အဆို/ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထိုသို့ ဖျော်ဖြေတင်ဆက်ရာတွင် စစ်သည်/ စစ်သမီးများက မြန်မာသံစဉ် တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်း အဆို/ အကများ၊ တေးသရုပ်ဖော် အကများ၊ ရယ်ရွှင်ဖွယ်ရာ ဟာသပြဇာတ်၊ ဒေသ၏ရိုးရာယဉ်ကျေးမှု အကအလှများ၊ ဗဟုသုတဖြစ်ဖွယ်ရာအသိပညာပေး အစီအစဉ်များဖြင့် ကဏ္ဍစုံလင်စွာ သီဆိုကပြဖျော်ဖြေကြရာ စစ်တွေတပ်နယ်မှ တပ်မတော် အရာရှိကြီးများ၊ တပ်နယ်ရှိ အရာရှိ/ စစ်သည်/ မိသားစုဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ ပျော်ရွှင်စွာ ကြည့်ရှုအားပေးကြသည်။ ထိုကဲ့သို့ သီဆိုကပြဖျော်ဖြေသော စစ်သည်/ စစ်သမီးများအား တပ်နယ်မှ တာဝန်ရှိသူတို့က ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ရေထွက်ကုန်ပစ္စည်းများ၏ ထုတ်လုပ်မှုဆိုင်ရာ စံနှုန်းများ၊ ကုန်ပစ္စည်းဆိုင်ရာ စံချိန်စံညွှန်း အရည်အသွေးများနှင့်အညီဖြစ်စေရေးအတွက် စနစ်တကျကြပ်မတ်ဆောင်ရွက်

**နေပြည်တော် ဇွန် ၁၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ရှခင်းသာရှိ ငါးလုပ်ငန်းဦးစီးဌာန ဖွံ့ဖြိုးရေးနှင့် သုတေသနဌာနခွဲ၊ အနုစိတ်သရုပ်ခွဲခြင်းဆိုင်ရာ ဓာတ်ခွဲခန်းများဌာနစိတ်၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက နိုင်ငံတကာတရားဝင်အသိအမှတ်ပြု ISO/IEC 17025 လက်မှတ်ကို သတ္တမအကြိမ်အထိရရှိခဲ့မှု အဆင့်ဆင့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ GACC ၏ အကြံပြုချက်များ၊ အဏုဇီဝဓာတ်ခွဲခန်းနှင့် ဓာတ်ခွဲခန်းလုပ်ငန်းများ၊ ဇဟိုဓာတ်ခွဲခန်းနှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဒေသဆိုင်ရာ ဓာတ်ခွဲခန်းလုပ်ငန်းများ၊ ရန်ကုန်မြို့ရှိ ငါး၊ ပုစွန်ပြုပြင်ထုတ်လုပ်သော အအေးခန်းစက်ရုံများအား လစဉ်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များကို ရှင်းလင်းတင်ပြကြသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပြည်ပသို့ မြန်မာ့လယ်ယာသားငါး ပို့ကုန်များတင်ပို့မှုတွင် ငါး၊ ပုစွန်နှင့် ရေထွက်ကုန်များ၏ အခန်းကဏ္ဍသည်လည်း အရေးပါသော ကဏ္ဍတစ်ရပ်အဖြစ် ပါဝင်လျက်ရှိရာ မိမိနိုင်ငံ၏ ထွက်ကုန်အရည်အသွေးဆိုင်ရာ ဂုဏ်သိက္ခာမြှင့်တင်နိုင်ရေးနှင့် သက်ဆိုင်ရာလုပ်ငန်းရှင်များ၏ ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းစေရေးအတွက် ဖောက်သည်နိုင်ငံများက သတ်မှတ်ထားသည့် ရေထွက်ကုန်ပစ္စည်းများ၏ ထုတ်လုပ်မှုဆိုင်ရာ စံနှုန်းများ၊ ကုန်ပစ္စည်းဆိုင်ရာ စံချိန်စံညွှန်း အရည်အသွေးများနှင့်အညီဖြစ်စေရေးအတွက် စနစ်တကျကြပ်မတ်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊

မြန်မာ့မွေးမြူရေး ရေထွက်ကုန်များအတွက် အမျိုးသားအဆင့် ဓာတုဓာတ်ကြွင်း ထိန်းချုပ်မှုအစီအမံများနှင့်အညီ ကုန်ကြမ်းပစ္စည်း အပါအဝင် ထုတ်လုပ်မှုအဆင့်ဆင့်၏ သန့်ရှင်းရေး၊ ဓာတ်ကြွင်းများနှင့် ရောဂါဖြစ်ပွားစေသော ပစ္စည်းများအား စောင့်ကြည့်ထိန်းသိမ်းသွားရန်ဖြစ်ကြောင်း၊ ဓာတ်ခွဲခန်းပညာရှင်များအနေဖြင့်လည်း နိုင်ငံတကာအသိအမှတ်ပြု နည်းစနစ်ကောင်းများကို ပိုမိုသိရှိနားလည်ရေးနှင့် ဓာတ်ခွဲခန်းဆိုင်ရာ နည်းပညာများကို တိုးမြှင့်လေ့လာပြီး မျိုးဆက်သစ်လူငယ်ပညာရှင်များအား လက်ဆင့်ကမ်း မွေးထုတ်ပေးနိုင်ရေး ကြိုးပမ်းကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် သာကေတ မိကျောင်းမွေးမြူရေးစခန်းတွင် ပြုစုစောင့်ရှောက်ထားရှိသည့် မိကျောင်းဥနှင့် သားပေါက်အဆင့်မှ အရွယ်ရောက်မိကျောင်းများအထိ အဆင့်အလိုက် လုပ်ငန်းဆောင်ရွက်မှု၊ မြေသားကန်၊ ကွန်ကရစ်ကန်များဖြင့် မိကျောင်းမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုနှင့် ငါးလုပ်ငန်းဦးစီးဌာန ရေအရည်အသွေး စစ်ဆေးရေးနှင့် ရေချိုသုတေသနဌာနစု၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သတင်းစာစက္ကူစက်ရုံ(သာပေါင်း)သို့ သဘာဝဓာတ်ငွေ့များ စမ်းသပ်ပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိ

**နေပြည်တော် ဇွန် ၁၁**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့သော ညောင်တုန်း-သာပေါင်း သဘာဝဓာတ်ငွေ့ပိုက်လိုင်းတစ်လျှောက်ရှိ Valve Station နှင့် မြန်မာ့ရေနံဓာတုဗေဒ လုပ်ငန်း၏ အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံ (ကန်ကြီးထောင့်)၏ နှစ်ပတ်လည်အကြီးစား ပြုပြင်နေမှုကို စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦး၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများသည် ယနေ့တွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် ညောင်တုန်း-သာပေါင်း သဘာဝဓာတ်ငွေ့ပိုက်လိုင်းရှိ Valve Station ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဝန်ထမ်းများအား သစ်သီးခြင်းနှင့် အင်အားဖြည့်အစားအစာများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် သတင်းစာစက္ကူ စက်ရုံ(သာပေါင်း)ရှိ သဘာဝဓာတ်ငွေ့ထိန်းဖြန့်စခန်း(သာပေါင်း)သို့ရောက်ရှိကြရာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသူများက အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့သော ညောင်တုန်း-သာပေါင်း သဘာဝဓာတ်ငွေ့ ပိုက်လိုင်းပြုပြင်မှုလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ သတင်းစာစက္ကူစက်ရုံ(သာပေါင်း)သို့ ဓာတ်ငွေ့ဖြန့်ဖြူးပေးနေမှု၊ မိုးမကျမီ သဘာဝဓာတ်ငွေ့ဖြန့်ဖြူးပေးနိုင်ရေးအတွက် အချိန်မီဆောင်ရွက်ခဲ့မှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က သတင်းစာစက္ကူစက်ရုံ (သာပေါင်း) ပြန်လည်လည်ပတ်နိုင်ရေးအတွက် ကုန်ကြမ်းရရှိနိုင်မှု အခြေအနေကို အကြံပြုဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အစားထိုးပြုပြင်ခဲ့သော ပိုက်လိုင်းများအား စနစ်တကျဆောင်ရွက်ခဲ့မှုအခြေအနေ၊ ပျက်စီးခဲ့သော လယ်ယာမြေများအား မူလအခြေအနေအတိုင်း ဖြစ်အောင်ပြန်လည်ဆောင်ရွက်ပေးရေး၊ ပိုက်လိုင်းအမှတ်သားပြတိုင်များ စိုက်ထူရေးတို့ကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် ဝန်ထမ်းများအား သစ်သီးခြင်းနှင့် အင်အားဖြည့်အစားအစာများ ပေးအပ်ပြီး သတင်းစာစက္ကူစက်ရုံ (သာပေါင်း)အတွင်း လှည့်လည်ကြည့်ရှုကြသည်။



ယခုအခါ ညောင်တုန်း-သာပေါင်း သဘာဝဓာတ်ငွေ့ပိုက်လိုင်း ပြုပြင်မှုလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ၂၀၂၃ ခုနှစ် ဇွန် ၉ ရက်မှစ၍ သတင်းစာစက္ကူစက်ရုံ(သာပေါင်း)သို့ သဘာဝဓာတ်ငွေ့များ စမ်းသပ်ပို့လွှတ်ဖြန့်ဖြူးပေးနေပြီဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း လက်အောက်ရှိ အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံ (ကန်ကြီးထောင့်)သို့ရောက်ရှိရာ စက်ရုံအစည်းအဝေးခန်းမတွင် စက်ရုံဝန်ထမ်းများနှင့်တွေ့ဆုံရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဓာတ်မြေသြဇာများ ပိုမိုထွက်ရှိလာပါက တစ်ဧကအထွက်နှုန်းများ ပိုမိုတိုးတက်လာနိုင်မည်ဖြစ်သည့်အတွက် တောင်သူများအတွက် ပိုမိုအကျိုးဖြစ်ထွန်းလာစေမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က စက်ရုံဝန်ထမ်းများအား သစ်သီးခြင်းနှင့် အင်အားဖြည့်အစားအစာများ ပေးအပ်ကာ စက်ရုံအတွင်းရှိ စက်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုက်မရောမြို့၌ ထန်းပင်စိုက်ပျိုးပွဲ ဒုတိယအကြိမ် ကျင်းပ

**ကျိုက်မရော ဇွန် ၁၁**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၏ သင်္ကေတအမှတ်အသားဖြစ်သော ထန်းပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၈ နာရီက ကျိုက်မရော-စံပယ်ဂူ ကားလမ်းမပေါ်၌ ကျင်းပခဲ့သည်။

ကျိုက်မရောမြို့၏ လူသိများသော သင်္ကေတအမှတ်အသား တစ်ခုဖြစ်သော ထန်းပင်ကို ၂၀၂၂ ခုနှစ်က ထန်းပင်ပေါင်း တစ်သောင်းကျော်ကို စိုက်ပျိုးခဲ့ရာ အပင် ရှင်သန်မှုမှာ ၅၀ ရာခိုင်နှုန်းရှိသဖြင့် ယခုနှစ် ဇွန်လတွင် အပင်ပေါင်း ၅၀၀၀ ကို ဒုတိယအကြိမ်လူထုအားဖြင့် ထပ်မံစိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ထန်းပင်များ ရှင်သန်စေရန် စနစ်တကျ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးဦး၏ ဦးဆောင်မှုဖြင့် မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၂၅၀ ခန့်ဖြင့် ထန်းပင်ပျိုးပင်ပေါင်း ၅၂၀၀ ကို စံပယ်ဂူအရှေ့ဘက်ခြမ်း၌ အပင် ၁၇၀၀၊ အနောက်ဘက်ခြမ်း၌ အပင် ၃၅၀၀ ကို တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြသည်။



**မြို့နယ်(ပြန်/ဆက်)**

# မိုးမြေပဲ၊ ဖူးစားပြောင်းနှင့် ဟင်းသီးဟင်းရွက် ၂၃၀၀၇ ဧက စိုက်ပျိုးရန်လျာထား

**ရန်ကုန် ဇွန် ၁၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်ပေါင်း ၁၈ မြို့နယ်၌ မိုးမြေပဲ၊ ဖူးစားပြောင်းနှင့် ဟင်းသီးဟင်းရွက်စိုက်ခင်း ၂၃၀၀၇ ဧက စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိုးမြေပဲ ၈၁ ဧကကို တိုက်ကြီးမြို့နယ်အတွင်း စိုက်ပျိုးသွားမည်ဖြစ်ပြီး ဖူးစားပြောင်းကို တိုက်ကြီးမြို့နယ်တွင် ၁၆၈ ဧက၊ လှည်းကူးမြို့နယ်တွင် ၂၂ ဧက၊ မှော်ဘီ မြို့နယ်တွင် ၂၅ ဧက စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိသည်။

မိုးမြေပဲကို လာမည့်ဇူလိုင်လတွင် စတင်စိုက်ပျိုးပြီး စက်တင်ဘာလတွင် ရိတ်သိမ်းမည်ဖြစ်ကာ ဖူးစားပြောင်းကို ဇွန်လတွင် စတင်စိုက်ပျိုးပြီး သြဂုတ်လတွင် ရိတ်သိမ်းလေ့ရှိကြောင်း သိရသည်။

**ညီမ်းသူ (သတင်းစဉ်)**

# မိုခါမုန်တိုင်းသင့် ပြည်သူများအတွက် မြန်မာ့ဆေးဝါးလုပ်ငန်းမှ ထုတ်လုပ်သော ကျပ်သိန်း ၁၀၀ တန်ဖိုးရှိ ဆေးဝါးခုနစ်မျိုးကို ပေးအပ်လှူဒါန်း

**နေပြည်တော် ဇွန် ၁၁**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့ နံနက်ပိုင်းတွင် စစ်တွေမြို့ ကျေးပင်ကြီးရပ်ကွက် ကမ်းနားလမ်းနှင့် ရေတွင်းလမ်းထောင့်ရှိ ဝင်းသူဇာအရောင်းဆိုင်သို့လည်းကောင်း၊ ဆတ်ရိုးကျရပ်ကွက်ရှိ စစ်တွေခရိုင်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနရုံးသို့လည်းကောင်း သွားရောက်ပြီး ဝန်ထမ်းများနှင့် တွေ့ဆုံကာ မိုခါမုန်တိုင်းကြောင့် ပျက်စီးသွားသည့် အဆောက်အအုံများ ပြန်လည်ပြင်ဆင်နိုင်ရန်အတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် MSME လုပ်ငန်းများ ဖြစ်ကြသည့် ဆတ်ရိုးကျ စက်မှုရပ်ကွက်ရှိ "ရွှေငါး" မုန့်မျိုးစုံလုပ်ငန်း၊ ကျားမသောက်ကျေးရွာရှိ "ရွှေကျား"ရက်ကန်းလုပ်ငန်းနှင့် အောင်မင်္ဂလာမြောက်ရပ်ကွက်ရှိ "သန့်သန့်လေး" ဆီစက်ရုံများသို့ သွားရောက်ပြီး မုန်တိုင်းကြောင့် ပျက်စီးသွားမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များကို သက်ဆိုင်ရာ ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ အဖွဲ့ဝင်များဖြစ်ကြသည့် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့်အတူ ယမန်နေ့ ညနေပိုင်းက ရခိုင်ပြည်နယ် စစ်တွေမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး၌ တွေ့ဆုံခဲ့သည်။

ထိုသို့ တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ်က MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ မိုခါမုန်တိုင်းကြောင့် MSME လုပ်ငန်းများ ပျက်စီးဆုံးရှုံးမှုအခြေအနေနှင့် မူလအခြေအနေအတိုင်း လုပ်ငန်းပြန်လည်လည်ပတ်နိုင်ရေး စီမံဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့ရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ကူညီပံ့ပိုးနိုင်ရေး၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှု၊ MSME လုပ်ငန်းများအတွက် မှတ်ပုံတင်မှုဆိုင်ရာကိစ္စရပ်များ၊ လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးညှိနှိုင်းသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်ဝန်ကြီးချုပ်ထံ မိုခါမုန်တိုင်းသင့် ပြည်သူများအတွက် စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်းမှ ထုတ်လုပ်သော ကျပ်သိန်း ၁၀၀ တန်ဖိုးရှိ ဆေးဝါးခုနစ်မျိုးကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရခိုင်ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသို့ သွားရောက်ပြီး ဝန်ထမ်းများနှင့် တွေ့ဆုံအားပေးစကား ပြောကြားကာ ဝန်ထမ်းများအတွက် ငွေကျပ် ၇၅ သိန်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်ကာကွယ်ရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိရာမှ ဆေးရုံ၊ ဆေးခန်းများတွင် တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များ ချောင်းသာကမ်းခြေနှင့် ငပလီကမ်းခြေတို့သို့ အပန်းဖြေခရီး သွားရောက်

**နေပြည်တော် ဇွန် ၁၁**

နိုင်ငံတော် ကာကွယ်ရေးတာဝန် ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိရာမှ ဆေးရုံ၊ ဆေးခန်းများတွင် တက်ရောက်ကုသ၍ ပြန်လည် ကောင်းမွန်လာသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များအား အနားယူအပန်းဖြေခရီးစဉ်အဖြစ် ဧရာဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေနှင့် ရခိုင်ပြည်နယ် ငပလီကမ်းခြေတို့သို့ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှတစ်ဆင့် တပ်မတော်လေယာဉ်များ၊ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးရာ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။



## တည်ခင်းဧည့်ခံ

ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီးချောင်းသာကမ်းခြေသို့ ရောက်ရှိလာသော အရာရှိ၊ စစ်သည်များအား အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြပြီး ချောင်းသာ အပန်းဖြေ ဧည့်ရိပ်သာတွင် တည်းခိုနေထိုင်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးပြီး ဒေသထွက် စားသောက် ဖွယ်ရာများဖြင့် တည်ခင်း ဧည့်ခံသည်။

အလားတူ ရခိုင်ပြည်နယ်ငပလီကမ်းခြေသို့ ရောက်ရှိလာသော အရာရှိ၊ စစ်သည်များအား အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြပြီး ငပလီမြို့ အပန်းဖြေစခန်း (လင်းသာ)တွင် တည်းခိုနေထိုင်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးပြီး ဒေသထွက် လက်ဆောင် ပစ္စည်းများဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၃၇၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇွန် ၁၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၃ ခုနှစ် ဇွန် ၁၂ ရက်မှ ဇွန် ၁၈ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၃၇၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုခါမုန်တိုင်းဒဏ်သင့်ဒေသများသို့ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း အလှူငွေနှင့် အဝတ်အထည်များ၊ စားသုံးဆီများနှင့် လူသုံးကုန်ပစ္စည်းများ လှူဒါန်း

**ရန်ကုန် ဇွန် ၁၁**

မိုခါမုန်တိုင်းဒဏ်သင့်ခဲ့သည့် ရခိုင်ပြည်နယ်အပါအဝင် ဘေးသင့်ဒေသများသို့ မိုခါမုန်တိုင်းကြောင့် ဖြစ်ပေါ်လာသော ထိခိုက်မှုများအား ကူညီ ပံ့ပိုးပေးနိုင်ရေးအတွက် မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း ဥက္ကဋ္ဌ ဒေါ်ကြွေကြွေဇင်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမြတ်သီတာမြင့်နှင့် အဖွဲ့ဝင်များက ငွေကျပ် ၁၆၇ သိန်းနှင့် အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းများ၊ ကလေးအာဟာရမှုန့်များ၊ သွားတိုက်ဆေး၊ သွားတိုက်တံများ၊ T – Shirt များ၊ စားသုံးဆီများကို ဇွန် ၁၀ ရက်က လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ကုန်သည်စက်မှု အသင်းချုပ်သို့လာ ရောက်လှူဒါန်းရာ UMFCCI Task Force အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်က လက်ခံရယူသည်။



ကုန်သည်စက်မှု အသင်းချုပ်သည် ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးရှိ မိုခါမုန်တိုင်းဒဏ်သင့်ခဲ့သောအဆောက်အအုံများ၊ ဆေးရုံ၊ ဆေးခန်းများ၊ စာသင်ကျောင်းများအတွက်အမိုးအကာများ လုံလောက်စွာ ထောက်ပံ့ပေးပို့နိုင်ရေး၊ ဘေးသင့်ပြည်သူများအတွက် အစားအသောက်များ၊ ဆေးဝါးများ၊ အဝတ်အထည်များ၊ အလှူငွေများ လှူဒါန်းပေးနိုင်ရေးကို သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်သွယ်၍ အလျင်မြန်ဆုံး ထိရောက်စွာ လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

**မျိုးမင်းသူရ**

**✻ ရှေ့ဖုံးမှ**

အခြေခံပညာကျောင်းပေါင်း ၁၉ ကျောင်း ပိုမိုဖွင့်လှစ်ထားပါတယ်။ ကျောင်းအပ်နှံမှုကိုကြည့်ရင်လည်း ၂၀၂၂-၂၀၂၃ ပညာသင်နှစ်မှာ ဇွန်လချုပ်အင်အားနဲ့ပြောရရင် ၂၈၂၀၈၄ ဦး အပ်နှံတက်ရောက်ခဲ့ပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဇွန် ၇ ရက် အထိ ကျောင်းအပ်နှံတက်ရောက်မှုမှာ ၂၉၁၅၇၆ ဦးဖြစ်တာကြောင့် အင်အား ၉၀၀၀ ကျော် ပိုမိုအပ်နှံတက်ရောက်လျက်ရှိကာ ဇွန်လကုန်အထိ ကျောင်းအပ်လက်ခံ ဆောင်ရွက်ပေးမှာဖြစ်တာကြောင့် ဒီထက် ပိုမိုများပြားလာနိုင်ပါတယ်" ဟု ကချင်ပြည်နယ် ပညာရေးမှူး ညွှန်ကြားရေးမှူး ဦးခင်မောင်ထွေးက ပြောသည်။

ကချင်ပြည်နယ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ကျောင်းများ တိုးချဲ့ဖွင့်လှစ်လာနိုင်မှုနှင့် ကျောင်းအပ်နှံမှုများပြားလာခြင်းမှာ ဒေသတွင်း တည်ငြိမ်အေးချမ်းမှုကြောင့်ဖြစ်ပြီး ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးအတွက် ပြည်နယ်အစိုးရအဖွဲ့၏လမ်းညွှန်မှုဖြင့် တာဝန်ရှိသူများက လိုသည်များ ပူးပေါင်းဆောင်ရွက်နေခြင်းကြောင့် ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းမြေ့စွာ ပညာသင်ကြားနိုင်ကာ ယခုကဲ့သို့ အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံမှုများ တိုးတက်မြင့်မားလာခြင်းဖြစ်ကြောင်း သိရသည်။

**ရဲရင့်အောင်(ကချင်မြေ)**

# “မိုခါ” မုန်တိုင်းဒဏ်သင့်ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ (၄) (ကျန်းမာရေးဝန်ကြီးဌာန)

မြင့်စိုး(နတလ)

(ဇွန်လ ၉ ရက်နေ့မှအဆက်)

**ပေါက်တောမြို့က ရတနာလေးတွေ**

တစ်နာရီ မိုင် ၁၀၀ ကျော်နှုန်း တိုက်ခတ်နေသည့် လေပြင်းဒဏ်ကြောင့် ပင်လယ်ထဲမှ တဝုန်းဝုန်းရိုက်ခတ်နေသောလှိုင်းသံများ၊ တဖြောင်းဖြောင်း ကျိုးကျလဲပြိုနေသော သစ်ပင်သစ်ကိုင်းများ၊ မိုးသံလေသံများကြားတွင် ကိုယ်ဝန်အရင့်အမာနှင့် မီးမဖွားရသေးသော မိခင်လောင်းတစ်ဦးသည် မည်သည့်အရာကို ဆုတောင်းလိမ့်မည်ထင်ပါသနည်း၊ မိမိတို့နေထိုင်လျက်ရှိသည့်အိမ်လေး ပြိုလဲမသွားရေးလား၊ မိမိ၏အသက်အန္တရာယ် မဆုံးရှုံးစေရေးလား၊ သို့တည်းမဟုတ် မွေးခါနီး ဖွားခါနီး မိမိလွယ်ထားရသော ဝမ်းကြာတိုက်ထဲမှ သားရတနာ၊ သမီးရတနာလေး ဘေးမသီရန်မခ လူ့လောကကြီးထဲသို့ ရောက်ရှိလာစေရေးလား၊ ကျွန်တော်ကတော့ တုနှိုင်းမရသည့် မိဘမေတ္တာနှင့်ယှဉ်၍ ထွက်ပေါ်လာသော ဆုတောင်းသံများကို ကြားယောင်နေသလိုပင်။ ထိုကာလတစ်လျှောက်လုံး မိခင်လောင်း၏ရင်ထဲတွင် အပူမီးများကြွ၍ ဗလောင်ဆူနေပါလိမ့်မည်။ အဖေ အမေ အတွက်ပူရ၊ လင်တော်မောင်အတွက်ပူရ၊ သားသမီးများရှိနေလျှင်လည်း သူတို့အတွက်ပူရ၊ ထို့ပြင် ဗိုက်ထဲမှကလေး အတွက်ပါ ပူရနှင့် သူ့အတွက် ပူဖို့ရန်ပင် အချိန်ကျန်သေးရဲ့လား မသိတော့ပါ။

ဤသည်တို့ကား မေလ ၁၄ ရက်နေ့က ကြုံတွေ့ခဲ့ရသည့် မိုခါမုန်တိုင်းနှင့် ရခိုင်ပြည်နယ် စစ်တွေခရိုင် ပေါက်တောမြို့လေးဆီမှ ကိုယ်ဝန်ဆောင်မိခင်များ၏ သူနိုင်ကိုယ်နိုင် အပြိုင်ကြဲခဲ့သောစိတ်ခံစားရေးရာတိုက်ပွဲပင်ဖြစ်သည်။ ဤပွဲမှာ ရခိုင်မိခင်လောင်းများအနိုင်ရခဲ့ပါ၏။ မုန်တိုင်းတိုက်ခတ်မှုအပြီး မေလ ၁၄ ရက်နေ့ ည ၁၀ နာရီတွင် ရိုးရိုးမွေး လူနာတစ်ဦး၊ မေလ ၁၅ ရက်နေ့ နံနက် ၁ နာရီတွင် ခွဲစိတ်မွေးဖွားပေးခဲ့ရသော မွေးလူနာတစ်ဦးတို့ကို ပေါက်တောမြို့ ပြည်သူ့ဆေးရုံရှိ ဆရာဝန်၊ ဆရာမ၊ သူနာပြုများက အောင်မြင်စွာ ကြိုးပမ်း အားထုတ်မွေးဖွားပေးနိုင်ခဲ့သည်။ ဂုဏ်ပြုလိုက်ပါသည် ပေါက်တောမြို့လေးဆီမှ ဆရာဝန်၊ ဆရာမ၊ သူနာပြု များတို့ရေ...။



ပြည်ထောင်စုဝန်ကြီးများက စစ်တွေမြို့ မင်းဂံကျေးရွာ၌ အထူးကုဆရာဝန်ကြီးများအဖွဲ့ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုအား အားပေးကြည့်ရှုစဉ်။

**လူ့အသက်ထက် အရေးကြီးတာ ဘာမျှမရှိ**

ကိုဗစ်ကပ်ရောဂါ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစဉ် အချိန်ကာလကတည်းက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက် အမှာစကားဖြစ်သည်။ ဤစကားရပ်သည် ကပ်ရောဂါဘေးအတွက်သာမက သဘာဝဘေးအပါအဝင် နိုင်ငံသူ နိုင်ငံသားများ ကြုံတွေ့လာရသည့် မည်သည့်ဘေးအန္တရာယ်အတွက်မဆို ရာနှုန်းပြည့်သက်ရောက်မှုရှိနေပါလိမ့်မည်။ သည့်အတွက်လည်း လူ့အသက်ပေါင်းများစွာကို ကူညီကယ်ဆယ်စောင့်ရှောက်မှုပေးနေသော ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများ ပြုလုပ်ခဲ့သည်။ မုန်တိုင်းမဝင်ရောက်မီ အကြိုကာလဖြစ်သော ၂၀၂၃ ခုနှစ် မေလ ၇ ရက်နေ့တွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်၍ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများနှင့် အရေးပေါ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပကာ သဘာဝဘေးဖြစ်ပွားလာပါက ထိရောက်စွာတုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် အထူးကုဆေးအဖွဲ့များ၊ အရေးပေါ်တုံ့ပြန်ရေးဆေးအဖွဲ့(Rapid Response Team) များ ကြိုတင်ဖွဲ့စည်းထားရန်၊ ဆေးနှင့်ဆေးပစ္စည်းများအား ဘေးသင့်နိုင်သည့်ဒေသများနှင့် အနီးဆုံးနေရာများသို့ ကြိုတင်ပို့ဆောင်ထားရန်၊ ကျန်းမာရေးဌာနအဆောက်အအုံများ၊ ဆေးရုံသုံးပစ္စည်းများ၊ ဆေးနှင့်ဆေးပစ္စည်းများ ပျက်စီးဆုံးရှုံးမှုနည်းပါးစေရေး ကြိုတင်ပြင်ဆင်ထားရှိရန်၊ ဆေးရုံမှလူနာများ၊ ဝန်ထမ်းများ၊ သူနာပြုနှင့်သားဖွားသင်တန်းကျောင်းများမှ သင်တန်းသားသင်တန်းသူများအား ဘေးလွတ်ရာသို့ ကြိုတင်ရွှေ့ပြောင်းထားရှိရန်၊ မုန်တိုင်းလွန်ကာလ၌ ပုံမှန်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အမြန်ဆုံးပြန်လည်စတင်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန် မှာကြားခဲ့သည်။

ဦးစီးဌာနများအနေဖြင့် ဆေးနှင့်ဆေးပစ္စည်းများ၊ စက်ပစ္စည်းများ (CT-scan၊ X-ray၊ Ultrasound စသည်) ခွဲစိတ်ခန်းသုံးပစ္စည်းများ၊ ထိခိုက်နိုင်သောယာဉ်များကို ပျက်စီးမှုမရှိစေရေး ကြိုတင် ရွှေ့ပြောင်းထားခဲ့ကြသည်။ ကုသရေးဦးစီးဌာနအနေဖြင့်လည်း ရခိုင်ပြည်နယ်ကုသရေးဦးစီးဌာနအပါအဝင် ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်မှ ပြည်သူ့ဆေးရုံများအတွက် လုပ်ငန်းသုံးရန်ပုံငွေ၊ လုပ်အားခ၊ ကယ်ဆယ်ရေးရန်ပုံငွေ၊ စားရေရိက္ခာ၊ စက်သုံးဆီတို့အတွက် သင့်တော်သောရန်ပုံငွေများကို ကြိုတင်ပေးပို့ထားခဲ့သည်။



စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီး၌ မေလ ၂၅ ရက်နေ့မှစတင်၍ ကျောက်ကပ် သန့်စင်ခြင်းလုပ်ငန်း ပြန်လည်ဆောင်ရွက်ပေးစဉ်။

**ကြိုတင်ဖွဲ့စည်းစေလွှတ်ခဲ့သည်**

ကျန်းမာရေး ဝန်ကြီးဌာနသည် ဆေးတက္ကသိုလ်များ အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အထူးကုဆေးအဖွဲ့ ၁၈ ဖွဲ့၊ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ဆရာဝန်များဦးဆောင်သော ဆေးကုသရေးအဖွဲ့ ၁၁ ဖွဲ့၊ မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်းမှ ဆရာဝန်များ ဦးဆောင်သော ဆေးကုသရေးအဖွဲ့ ၁၆ ဖွဲ့၊ စိတ်ကျန်းမာရေးအထူးကုအဖွဲ့ လေးဖွဲ့၊ မျက်စိအထူးကုဆေးအဖွဲ့ လေးဖွဲ့တို့ကို ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ အဆိုပါဆေးအဖွဲ့များထဲမှ ဆေးတက္ကသိုလ်-၁ (ရန်ကုန်)နှင့် ဆေးတက္ကသိုလ်-၂(ရန်ကုန်)တို့မှ အထူးကုဆရာဝန်များပါဝင်သော ဆေးအဖွဲ့ နှစ်ဖွဲ့ကို စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီးသို့လည်းကောင်း၊ ပြည်သူ့ဆေးရုံကြီး (ပြည်)နှင့် ဆေးတက္ကသိုလ် (မကွေး)တို့မှ အထူးကုဆရာဝန်များပါဝင်သော ဆေးအဖွဲ့ကို ကျောက်ဖြူမြို့ ပြည်သူ့ဆေးရုံကြီးသို့လည်းကောင်း ကြိုတင်စုဖွဲ့ စေလွှတ်ထားခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ရောက်ရှိလာကြသော ဆရာဝန် တစ်ဦး၊ သူနာပြု လေးဦးစီ ပါဝင်သော အရေးပေါ် တုံ့ပြန်ရေးဆေးအဖွဲ့ (RRT) ငါးဖွဲ့ကိုလည်း ရသေ့တောင်နှင့် ပေါက်တောသို့ ရေကြောင်းခရီးဖြင့်လည်းကောင်း၊ မောင်တောအဖွဲ့အား ရဟတ်ယာဉ်ဖြင့်လည်းကောင်း ကြိုတင်စေလွှတ်ခဲ့သည်။ ယင်းသို့ကြိုတင်ရောက်ရှိနေသည့်အဖွဲ့များတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေး)ဦးဆောင်သော ပြည်သူ့ကျန်းမာရေးဆရာဝန်များ ပါဝင်သည့် ဗဟိုအားဖြည့်အဖွဲ့၊ ကုသရေးဦးစီးဌာန (ရုံးချုပ်)မှ လက်ထောက်ညွှန်ကြားရေးမှူး နှစ်ဦးပါဝင်သော အဖွဲ့တို့ကိုပါ ပူးပေါင်းစေလွှတ်ထားခဲ့သည်။

**မုန်တိုင်းလွန်ကာလ ကုသရေးလုပ်ငန်းများစတင်**

မိုခါမုန်တိုင်းသည် အရှိန်အဟုန်ပြင်းစွာဖြင့် ရခိုင်ပြည်နယ်အတွင်းသို့ ဦးတည်တိုက်ခတ်လာခဲ့ရာ ရခိုင်ပြည်နယ် ၁၇ မြို့နယ်ရှိသည့်အနက် မြောက်ပိုင်းမြို့နယ်များဖြစ်သော စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ မြေပုံ၊ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တော၊ ပေါက်တောမြို့နယ်တို့တွင် ထိခိုက်ပျက်စီးမှု များပြားခဲ့သည်။ ကျန်းမာရေးဝန်ကြီးဌာနသည် မုန်တိုင်းသင့်ပြည်သူ့ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းများ စာမျက်နှာ ၇ သို့



မင်းပြားမြို့နယ်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးအသိပညာပေးဟောပြောနေစဉ်။



ပေါက်တောမြို့နယ်၌ အထူးကုဆရာဝန်ကြီးများအဖွဲ့ ခွဲစိတ်ကုသပေးနေစဉ်။

❐ စာမျက်နှာ ၆ မှ
အမြန်ပြန်လည်ပြုပြင် တည်ဆောက်နိုင်ရေးအတွက် လိုအပ်သည့်တည်ဆောက်ရေးပစ္စည်းများကို အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးခဲ့သည်။ ကုသရေးအဖွဲ့များအတွက် လိုအပ်သောဆေးနှင့် ဆေးပစ္စည်းများကို တပ်မတော် လေယာဉ်၊ရေယာဉ်တို့ဖြင့်လည်းကောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ လေယာဉ်၊ သင်္ဘောများဖြင့်လည်းကောင်း အမြန်ဆုံးပို့ဆောင်ပေးခဲ့သည်။ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ငါးဦးစီ ပါဝင်သော အရေးပေါ်ကျန်းမာရေး တုံ့ပြန်ဆောင်ရွက်မှုအဖွဲ့ (RRT) နှစ်ဖွဲ့သည် မေလ ၂၀ ရက်နေ့တွင် စစ်တွေမြို့သို့ရောက်ရှိလာရာ မင်းပြားမြို့နယ်သို့ တစ်ဖွဲ့၊ ဘူးသီးတောင်မြို့နယ်သို့ တစ်ဖွဲ့ စေလွှတ်တာဝန်ထမ်းဆောင်စေခဲ့သည်။

**အရေးပေါ်ကျန်းမာရေး တုံ့ပြန်ဆောင်ရွက်မှု (RRT)အဖွဲ့များ**

ယင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရာတွင် မုန်တိုင်းအကြိုကာလနှင့် တိုက်ခတ်ပြီးစအချိန်များ၌ ရန်ကုန်တိုင်းဒေသကြီး၊ ပြည်၊ မကွေးတိုင်းဒေသကြီး၊ နေပြည်တော်တို့မှ ဆရာဝန် ဆရာမများဖြင့် စုဖွဲ့ဆောင်ရွက်ခဲ့သည်။ မေလ ၃၀ ရက်နေ့တွင် အလှည့်ကျတာဝန်ထမ်းဆောင်ရန် ရောက်ရှိလာကြသော ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်အဖွဲ့များနှင့် တာဝန်လဲလှယ် ထမ်းဆောင်စေခဲ့သည်။ မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်းမှ အရေးပေါ်တုံ့ပြန်ရေး ဆေးအဖွဲ့အား ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ရခိုင်ပြည်နယ်သို့ စေလွှတ်ပေးခဲ့ပြီး မြေပုံမြို့နယ်တွင် စတင်တာဝန်ထမ်းဆောင်စေခဲ့သည်။

ယနေ့အချိန်အထိ ရခိုင်ပြည်နယ် မြို့နယ်အသီးသီး၌ အရေးပေါ်တုံ့ပြန်ရေးဆေးအဖွဲ့များ၏ ဖြန့်ခွဲတာဝန်ထမ်းဆောင်မှုအခြေအနေမှာ မောင်တောမြို့နယ်တွင်တစ်ဖွဲ့၊ ရသေ့တောင်မြို့နယ်တွင် နှစ်ဖွဲ့၊ စစ်တွေမြို့နယ်တွင် တစ်ဖွဲ့၊ ပေါက်တောမြို့နယ်တွင် တစ်ဖွဲ့၊ ကျောက်တော်မြို့နယ်တွင် တစ်ဖွဲ့၊ ဘူးသီးတောင်မြို့နယ်တွင်တစ်ဖွဲ့တို့ရှိနေကြပြီး ပုဂ္ဂလိကဆေးရုံများ အသင်းဆေးအဖွဲ့အား မြောက်ဦးမြို့နယ်သို့ ရွှေ့ပြောင်းတာဝန်ထမ်းဆောင်စေလျက်ရှိသည်။

**အထူးကုဆေးအဖွဲ့များဖြင့် ကွင်းဆင်းကုသပေး**

ဆေးတက္ကသိုလ်-၁ (ရန်ကုန်)နှင့် ဆေးတက္ကသိုလ်-၂(ရန်ကုန်)မှ အထူးကုဆရာဝန်ကြီးများပါဝင်သောအဖွဲ့ နှစ်ဖွဲ့သည် ကျောက်တော်မြို့နှင့် မင်းပြားမြို့တို့တွင် အခြေပြု၍လည်းကောင်း၊ ဆေးတက္ကသိုလ်(မန္တလေး)မှ အထူးကုဆရာဝန်ကြီးများသည် ရသေ့တောင်မြို့နှင့်ပေါက်တောမြို့တို့တွင် အခြေပြု၍လည်းကောင်း ကုသမှုများဆောင်ရွက်ပေးခဲ့သည်။ စစ်တွေပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီး (ဆေးပညာ) နှင့် အထူးကုဆရာဝန်ကြီး (ခွဲစိတ်) တို့ကိုလည်း ရသေ့တောင်၊ ပေါက်တောသို့ လိုက်ပါပူးပေါင်းဆောင်ရွက်စေခဲ့သည်။ ရန်ကုန်မြို့မှ ရောက်ရှိလာသော မျက်စိအထူးကုဆေးအဖွဲ့သည် စစ်တွေဆေးရုံကြီးတွင် အခြေပြုကာ မျက်စိလူနာများအား ကုသပေးလျက်ရှိသည်။

ယင်းကဲ့သို့ အထူးကုဆရာဝန်ကြီးများပါဝင်လာသောကြောင့် အထွေထွေရောဂါ၊ ခွဲစိတ်ကုလူနာ၊ ကလေးရောဂါ၊ အရိုးအကြော၊ မျက်စိ၊ သားဖွားမီးယပ်၊ သွားနှင့် ခံတွင်း၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါများကို ကုသပေးသည့်အပြင် ထပ်ဆောင်းကိုဗစ်ကာကွယ်ဆေးထိုးနှံခြင်းများကိုလည်း ပြုလုပ်ပေးခဲ့သည်။

ယင်းကဲ့သို့ အထူးကုဆရာဝန်ကြီးများနှင့် ကုသခွင့်ရခဲ့ကြသော လူနာဦးရေမှာ ရသေ့တောင်တွင် ၁၉၁ ဦး၊ စစ်တွေမြို့နယ်အတွင်းရှိ ကြို့တဲတွင် ၃၉၄ ဦး၊ မင်းဂံတွင် ၂၉၄ ဦး၊ သင်္ကေပြင်တွင် ၅၈ ဦး၊ မင်းပြားတွင် ၁၁၅၀၊ ကျောက်တော်တွင် ၉၆၁ ဦး၊ ပုဏ္ဏားကျွန်းတွင် ၂၇၅ ဦး၊ ပေါက်တောတွင်၃၇၁ ဦး၊ မာန်အောင်တွင် ၈၄၈ ဦး၊ ဘူးသီးတောင်တွင် ၁၉၀၊ မောင်တောတွင် ၅၃၃ ဦး စုစုပေါင်း ၅၂၆၅ ဦးဖြစ်သည်။ အဆိုပါအထူးကုဆရာဝန်ကြီးများ ကုသမှုပေးနေသောနေရာများသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး



ငါးနှစ်အောက်ကလေးငယ်များနှင့် မွေးကင်းစကလေးငယ်များအား ကာကွယ်ဆေးထိုးနှံပေးစဉ်။

တင်အောင်စန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဒုတိယဝန်ကြီးများ ပါဝင်သောအဖွဲ့က သွားရောက်ကြည့်ရှု အားပေးခဲ့ကြရာ မေလ ၂၁ ရက်နေ့တွင် ပုဏ္ဏားကျွန်းမြို့သို့လည်းကောင်း၊ မေလ ၂၄ ရက်နေ့တွင် ပေါက်တောမြို့သို့လည်းကောင်း၊ ဇွန်လ ၃ ရက်နေ့တွင် စစ်တွေမြို့နယ် ကြို့တဲကျေးရွာသို့လည်းကောင်း ရောက်ရှိခဲ့ကြသည်။ အထူးကုဆေးအဖွဲ့များကို ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ စစ်တွေမြို့နယ် ကြို့တဲကျေးရွာသို့ ရောက်ရှိစဉ် သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာတင်တင်ဝင်းက မေလ ၁၇ ရက်နေ့ ညနေပိုင်းတွင် စစ်တွေပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိလာသော လူနာအမျိုးသမီးတစ်ဦးအား ခဲရာခဲဆစ် ဝိုင်းဝန်းကုသကယ်ဆယ်ခဲ့ရပုံကို ပြန်လည်ရှင်းလင်းပြောကြားခဲ့ သည်။ ယင်းအမျိုးသမီးသည် သားအိမ်ပြင်ပ သန္ဓေတည်ရာမှ သန္ဓေသား ပေါက်ထွက်၍ ဝမ်းဗိုက်အတွင်း သွေးထွက်သွေးလွန် လူနာအဖြစ်ရောက်ရှိလာသော ( Ectopic Pregnancy) ရောဂါဖြစ်သည်။ အချိန်မီ ခွဲစိတ်ကုသမှုမပြုနိုင်ခဲ့ပါကအသက်အန္တရာယ်ထိခိုက်နိုင်ကြောင်း သိရသည်။

**❝ကျန်းမာရေးဝန်ကြီးဌာနသည် မုန်တိုင်းသင့်ပြည်သူ့ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ သူနာပြုနှင့်သားဖွားသင်တန်းကျောင်းများ အမြန်ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေးအတွက် လိုအပ်သည့်တည်ဆောက်ရေးပစ္စည်းများကို အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးခဲ့**

**ကုသရေးအဖွဲ့များအတွက် လိုအပ်သောဆေးနှင့် ဆေးပစ္စည်းများကို တပ်မတော် လေယာဉ်၊ ရေယာဉ်တို့ဖြင့်လည်းကောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ လေယာဉ်၊ သင်္ဘောများဖြင့်လည်းကောင်း အမြန်ဆုံးပို့ဆောင်ပေးခဲ့**

**ယနေ့အချိန်အထိ ရခိုင်ပြည်နယ် မြို့နယ်အသီးသီး၌ မောင်တောမြို့နယ်တွင် တစ်ဖွဲ့၊ ရသေ့တောင်မြို့နယ်တွင် နှစ်ဖွဲ့၊ စစ်တွေမြို့နယ်တွင် တစ်ဖွဲ့၊ ပေါက်တော မြို့နယ်တွင် တစ်ဖွဲ့၊ ကျောက်တော်မြို့နယ်တွင် တစ်ဖွဲ့၊ ဘူးသီးတောင်မြို့နယ်တွင် တစ်ဖွဲ့တို့ရှိနေကြပြီး ပုဂ္ဂလိကဆေးရုံများအသင်းဆေးအဖွဲ့အား မြောက်ဦးမြို့နယ်သို့ ရွှေ့ပြောင်းတာဝန်ထမ်းဆောင်စေလျက်ရှိ❞**

**ဝမ်းပျက်ဝမ်းလျှောရောဂါ အလေးထားစောင့်ကြပ်ကြည့်ရှု**

သဘာဝဘေးနှင့် ကြုံကြိုက်နေစဉ်ကာလ၌ အထူးသတိပြုရမည့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်တစ်ခုမှာ ဝမ်းပျက်ဝမ်းလျှောရောဂါ မကျရောက်စေရေးပင်ဖြစ်သည်။ ရခိုင်ပြည်နယ် အနေအထားသည် အချို့ကျေးရွာများ၌ မိုးရေလှောင်ကန်၊ ရေစုမြေသားကန်များကို အားထားသုံးစွဲနေရသည်။ သန့်ရှင်းသော သောက်သုံးရေမရပါက ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် အခြားရောဂါများပါ ရရှိနိုင်သည်ကို သတိပြုရပေမည်။ သည့်အတွက်လည်း နိုင်ငံတော်အကြီးအကဲက မေလ ၁၅ ရက်နေ့ စစ်တွေခရီးစဉ်၌ “ရေတွင်းရေကန်များ သန့်ရှင်းမှုရှိစေရေး၊ ရေသန့်ဆေးများ လိုက်လံခတ်ပေးရန်နှင့် ရေတွင်းရေကန်ပတ်ဝန်းကျင်များ သန့်ရှင်းစေရေး၊ ရေဆိုးရေညစ် အညစ်အကြေးများကို အမြန်ရှင်းလင်းရန်” လမ်းညွှန်မှာကြားခဲ့ခြင်းဖြစ်သည်။

မိုခါမုန်တိုင်း ကျရောက်ပြီး ရက်အနည်းငယ်အကြာ မေလ ၁၉ ရက်နေ့တွင် စစ်တွေမြို့ပြည်သူ့ဆေးရုံကြီး၌ ဝမ်းပျက်ဝမ်းလျှောလူနာနှစ်ဦး၊ မြို့နယ်ပြင်ပ ကျေးလက်ကျန်းမာရေးဌာနများ၌ ခုနစ်ဦး၊ ပေါက်တောပြည်သူ့ဆေးရုံ၌ တစ်ဦး၊ မင်းပြားပြည်သူ့ဆေးရုံ၌ တစ်ဦးနှင့် ကျေးလက်ကျန်းမာရေးဌာနများ၌ ၂၄ ဦး၊ မာန်အောင်မြို့နယ် ကျေးလက်ကျန်းမာရေးဌာနများ၌ ခြောက်ဦး စုစုပေါင်း ၄၁ ဦးဖြစ်ပွားခဲ့သည်။ သို့ဖြစ်၍ အဆိုပါ နေ့ရက်များမှစတင်ကာ မင်းပြားမြို့နယ်ကို အထူးအာရုံစိုက်၍ စောင့်ကြည့်ကုသပေးခဲ့သည်။ ကျန်မြို့နယ်များတွင် အနည်းငယ်တွေ့ရှိခဲ့ရသော်လည်း ပြင်ပလူနာအနေဖြင့်သာ လာရောက်ပြသကုသမှုခံယူကာ ကောင်းမွန်သွားကြောင်း သိရှိရသည်။ သို့ဖြစ်၍ ဇွန်လ ၃ ရက်နေ့တွင် မြို့နယ်အသီးသီး၌ ဝမ်းပျက်ဝမ်းလျှောရောဂါ တွေ့ရှိရသူ ၁၀ ဦးသာရှိပါတော့သည်။ စစ်တွေတွင် ခြောက်ဦး၊ ရသေ့တောင် နှစ်ဦး၊ ပေါက်တော တစ်ဦး၊ ဘူးသီးတောင် တစ်ဦးတို့သည် အတွင်းလူနာ ငါးဦး၊ ပြင်ပလူနာ ငါးဦးအဖြစ် လာရောက်ကုသမှုခံယူကြကြောင်း သိရသည်။ ရခိုင်ပြည်နယ် မုန်တိုင်းသင့်ဒေသများ၌ ဝမ်းပျက်ဝမ်းလျှောရောဂါ အပါအဝင် ကပ်ရောဂါအမျိုးမျိုး မဖြစ်ပွားအောင် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၏ စေတနာထား ကြိုးပမ်းဆောင်ရွက်မှုများဖြင့် ထိန်းချုပ် ဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရသည်။ အခြားရောဂါများဖြင့် တက်ရောက်ကုသမှု အခြေအနေကို ဆန်းစစ်လေ့လာကြည့်သောအခါ ရခိုင်ပြည်နယ်အတွင်း မြို့နယ် ၁၇ မြို့နယ်၌ ပြည်သူ့ဆေးရုံကြီးငယ် ၁၇ ရုံ တိုက်နယ်ဆေးရုံ ၄၂ ရုံ စုစုပေါင်း ၅၉ ရုံတို့တွင် ၁၆-၅-၂၀၂၃ ရက်နေ့မှ ၃-၆-၂၀၂၃ ရက်နေ့အထိ လာရောက်ကုသမှုခံယူကြသော ပြင်ပလူနာ ၁၀၆၁၀၊ အတွင်းလူနာ ၂၀၂၀၉ ဦးရှိခဲ့ပြီး ကျေးလက်ကျန်းမာရေးဌာနများသို့ လာရောက်ပြသသူ ၅၁၃၃၇ ဦးရှိခဲ့သည်။ ရေသန့်ဆေးခတ်ပေးမှု ၃၉၈၅ ကြိမ်၊ ကျန်းမာရေးအသိပညာပေးဟောပြောမှု ၆၁၇၆ ကြိမ် ပြုလုပ်ပေးနိုင်ခဲ့သည်။

**ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှု**

ဇွန်လ ၁ ရက်နေ့၌ ကျောင်းများပြန်လည်ဖွင့်လှစ်လိုက်သောအခါ စစ်တွေမြို့ပေါ်ရှိ အခြေခံပညာကျောင်းများတွင် ကျန်းမာရေးဝန်ထမ်းများကို တွေ့ရသည်။ ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ကျောင်းသားကျောင်းသူလေးများအား ကျန်းမာရေးပညာပေး ဟောပြောခြင်း၊ ဆေးစစ်ခြင်း၊ ကုသပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ ကျန်မြို့နယ်များတွင်လည်း အလားတူ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ မိုခါမုန်တိုင်းသင့်ဒေသများ ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာန၏စွမ်းဆောင်မှုများကို ဒေသခံပြည်သူများက ကျေးဇူးတင်အသိအမှတ်ပြုကြသည်။ ဂုဏ်ယူပါသည် ကျန်းမာရေးဝန်ကြီးဌာန....။ ။

■



စစ်တွေမြို့နယ် ကြို့တဲကျေးရွာ၌ အထူးကုဆရာဝန်ကြီးများအဖွဲ့ ကွင်းဆင်းကုသပေးစဉ်။

# ရခိုင်ပြည်နယ်အတွင်း ဒေသအလိုက်ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၁၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများ အဖြစ် ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာ ချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေး ထားပြီးဖြစ်သည်။



### ထောက်ပံ့ပစ္စည်းများပေးအပ်

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများ နှင့်အတူ ဥတ္တမခန်းမ၌ ဘူးသီးတောင်မြို့နယ်အတွင်း ရှိ ကျေးရွာအုပ်စု ငါးစုရှိ ကျေးရွာကိုယ်စားလှယ်များ အား ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့ပြီး လေဘေးသင့်ပြည်သူများလက်ဝယ်သို့ အမှန်တကယ်ရောက်ရှိစေရေး၊ စနစ်တကျဖြန့်ဝေနိုင်ရေးအတွက် လိုအပ်သည်များကို လမ်းညွှန်မှာကြားခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရွှေကျင်ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ပြီး ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး မုန်တိုင်းကြောင့် အမိုးလန် ပျက်စီးခဲ့သည့် ဘုန်းတော်ကြီးကျောင်း ခုနစ်ကျောင်းအတွက် ပြန်လည်ပြုပြင်ရန်လိုအပ်သော အမိုးသွပ်များ၊ ဆွမ်းဆန်တော်များနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ မုန်တိုင်းဒဏ်သင့် ဘုန်းတော်ကြီးကျောင်းများသို့ လှူဒါန်းသော နဝကမ္မအလှူတော်ငွေများအား ကျောင်းထိုင်ဆရာတော်များထံ ဆက်ကပ်လှူဒါန်းသည်။

### ဆွေးနွေးခြင်းများဆောင်ရွက်

အလားတူ ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် မြေပုံမြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ်ကျော်ကျော်စိုး သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ မိုခါမုန်တိုင်းကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများနှင့်ပတ်သက်၍ နိုင်ငံတော်မှ ထောက်ပံ့သော ထောက်ပံ့ပစ္စည်းများနှင့် ထောက်ပံ့ငွေများအား လေဘေးသင့်ပြည်သူများထံ မြန်ဆန်ထိရောက်စွာ ဖြန့်ဝေရာ၌ သဘာဝဘေးပြန်လည်ထူထောင်ရေး မူဝါဒနှင့်အညီဖြစ်စေရေး၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ဌာနဆိုင်ရာများအနေဖြင့် အရှိန်အဟုန်ဖြင့် ပူးပေါင်းဆောင်ရွက်စေရန် စသည်ဖြင့် ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် တပ်မတော်မှကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၁၁

သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များ သည် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာ ဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

### ဆောင်ရွက်ပေးလျက်ရှိ

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်တွေမြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေး အဖွဲ့များသည် ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်း၍ စစ်တွေမြို့ ပါတလိတ်ကျေးရွာအတွင်းရှိ မုန်တိုင်းကြောင့် ပြိုလဲပျက်စီးသွားသော နေအိမ်အဆောက်အအုံများ၊ လဲကျနေသောသစ်ပင်၊ သစ်ကိုင်းကြီးများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ စစ်တွေမြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်း၍ သိန်ဂနက်ကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ မောင်တောမြို့သို့ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်း၍ အောင်သုခကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ကျောက်တော်မြို့သို့ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ကျောက်တော်မြို့ အတွင်းရှိ လမ်းဘေး ဝဲ/ယာမှ လဲကျနေသော သစ်ပင်၊ သစ်ကိုင်း ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် မြို့မရပ်ကွက်ရှိ လမ်းဘေး ဝဲ/ယာမှ လဲကျနေသော သစ်ပင်၊ သစ်ကိုင်း ခုတ်ထွင် ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ပြင်ပအလင်းရောင်ကို အသုံးချပါ၊
မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ



# ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့်ဒေသများမှ ဒေသခံပြည်သူများအား မြို့နယ်အလိုက် သတ်မှတ်နေရာများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၁၁

ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ အထူးဆေးအဖွဲ့၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့များ နှင့် ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့်ဒေသများမှ ဒေသခံပြည်သူများအား မြို့နယ်အလိုက် သတ်မှတ်နေရာများတွင် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ သမားတော်များ၊ အထူးကုများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော အထူးဆေးကုသရေး အဖွဲ့သည် စစ်တွေမြို့နယ် မောင်နီပြင်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများရှိ မုန်တိုင်းသင့် ဒေသခံပြည်သူများအား အဖျားရောဂါ၊ သွေးတိုးရောဂါ၊ ဝမ်းပျက်/ဝမ်းလျှောရောဂါ၊ အရိုး/အကြောရောဂါများ၊ အထွေထွေရောဂါများနှင့်ပတ်သက်၍ လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထိုသို့ဆောင်ရွက်ပေးနေမှုကို ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေး ပြီး လူနာတစ်ဦးချင်းစီ၏ ကျန်းမာရေးအခြေအနေ များကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားပြီး SKY NET မိသားစု၊ မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများအသင်းချုပ် MLCA၊ MLCP အများပိုင်ကုမ္ပဏီလီမိတက်၊ မြန်မာ-အိန္ဒိယ-တရုတ်ချစ်ကြည်ရေးနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း (MICA) နှင့် ဘာသာစုံမိတ်ဆွေများက ရက် ၃၀ စတုဒိသာ အလှူတော်အစီအစဉ်ဖြင့် ချက်ပြုတ်လှူဒါန်းသော သီးစုံဒံပေါက်ထမင်းဟင်းလျာဘူးများ ပေးဝေလှူဒါန်းကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက စစ်တွေမြို့နယ်အတွင်း စစ်တွေ-ရန်ကုန်သွား အဝေးပြေးလမ်းမကြီး ဝဲ/ယာတစ်လျှောက် မုန်တိုင်းကြောင့် ပြိုလဲပျက်စီးခဲ့သည့် သစ်ပင်/သစ်ကိုင်းများ ရှင်းလင်းဖယ်ရှားနေမှု၊ စစ်တွေမြို့ရှိ ဆိပ်ကမ်းများတွင် တပ်မတော်(ရေ)မှ ကမ်းထိုးရေယာဉ်များ၊ ကုန်တင်သင်္ဘောများဖြင့် တင်ဆောင်ရောက်ရှိနေသော ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား သတ်မှတ်နေရာများသို့ စနစ်တကျပို့ဆောင်နိုင်ရေးအတွက် လူအား/စက်ယန္တရားအားတို့ဖြင့် မော်တော်ယာဉ်များပေါ်သို့ ရွှေ့ပြောင်းပို့ဆောင်ပေးနေမှု၊ စစ်တွေမြို့ရှိ နယ်မြေခံတပ်တွင် ဆောင်ရွက်လျက်ရှိသော ရက် ၃၀ စတုဒိသာအလှူတော်အစီအစဉ်ဖြင့် ပြင်ဆင်ချက်ပြုတ်ထုပ်ပိုး၍ နေ့ရက်အလိုက်သတ်မှတ် ရပ်ကွက်/ကျေးရွာများရှိ မုန်တိုင်းသင့်ပြည်သူများထံသို့ တာဝန်ရှိသူများမှတစ်ဆင့် ပေးပို့လှူဒါန်းလျက်ရှိသည့် ပြင်ဆင်ချက်ပြုတ်ရေးနေရာသို့ သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဈေးထဲက သောကကို နားလည်ပါ

ခင်သန်းမြင့်

လူတစ်ခု ပုမှုရယ်နဲ့ ဆယ်ကုဋေ ဆိုတဲ့အထဲမှာ အခုနောက်ပိုင်း ကျွန်မတို့လိုအိမ်ရှင်မတွေရဲ့ပုမှုက မနက်မိုးလင်း ဈေးထဲရောက်ကတည်းက အစပြုတယ်လို့ပဲဆိုရမယ်။

အရင်တုန်းကဈေးထဲရောက်ရင် ဘာဝယ်လို့ ဝယ်ရမှန်းမသိတာက တစ်ဒုက္ခ၊ အခုနောက်ပိုင်း တော့ဈေးထဲရောက်ရင် ဒီနေ့ဘာပစ္စည်းတွေများ ကုန်ဈေးနှုန်းထပ်တက်ဦးမလဲဆိုတဲ့ သောကပါ အဆစ်ပါလာရပြန်တယ်။

ဒီနေ့တော့ လကုန်ရက်မို့ ခြိုးခြံချွေတာတဲ့ အနေနဲ့ တော်ရုံသင့်ရုံ ဘဲဥချဉ်ရည်ဟင်းလေးပဲ ချက်မယ်လို့ စိတ်ကူးထားတယ်။ ဈေးထဲရောက်လို့ ပြန်စဉ်းစားကြည့်တော့ ဘဲဥတစ်လုံးက အနည်းဆုံး သုံးရာ၊ မိသားစုညမနက်ဆိုတော့ ၁၀ လုံး။ "ဟင်" ဘဲဥဖိုးချည်းပဲ သုံးထောင်ဖြစ်နေပါလား။ မကိုက်သေးပါဘူး။

ဒါနဲ့သားငါးတန်းဘက်ဆက်ပြီး ခြေဦးလှည့်မိတယ်။ ဟိုမှာ ငါးစင်ရိုင်းလေးတွေပါလား။

"လာ၊ အစ်မ တစ်ဆယ်သား ၁၂၀၀ ဈေး၊ အစိတ်သား သုံးထောင်၊ ငါးမြစ်ချင်းက အကောင်သေးက ၈၀၀၊ အကောင်ကြီးက ၁၀၀၀၊ ငါးမြီးတံသွယ်က ၁၂၀၀"

ငါးသည်က ကျွန်မအဖြေကို မော့ကြည့်ပြီး စောင့်မျှော်နေပေမယ့် စိတ်ထဲက ဒါလည်းမဟုတ်သေးပါဘူးဆိုတဲ့အတွေးနဲ့ ပေပြီးရပ်နေမိတယ်။

ဘေးကပ်လျက် ပင်လယ်ငါးဆိုင်က ဈေးသည်ကလည်း "ရွှေငါးတစ်ဆယ်သား ၈၀၀၊ ၇၀၀ နဲ့ ယူသွားအစ်မ၊ ငါးသေတ္တာငါးလည်း အတူတူပဲ။

ငါးမုတ်ကလည်း ၈၀၀၊ ၇၀၀ နဲ့ပဲယူသွား"၊ အရင်က တစ်ပုံမှ သုံး၊ လေး၊ ငါးရာသာပေးရတဲ့ ပင်လယ်ငါးတွေကလည်း ဈေးခေါင်ခိုက်နေပါလား။

တစ်ခေတ်တစ်ခါက သတင်းစာဆရာကြီး ဦးသိန်းဖေမြင့်က မြန်မာလူမျိုးတွေ ပင်လယ်ငါး ပိုပြီးစားသုံးကြဖို့ နှိုးဆော်တိုက်တွန်းခဲ့တဲ့ "ခေတ်မီသူတိုင်း ပင်လယ်ငါးစားကြသည်" ဆိုတဲ့ ကြော်ငြာလေးကိုသတိရသွားတယ်။ လက်ရှိမှာတော့ပင်လယ်ငါးတွေကပဲ ခေတ်မီလာလို့ ရေချိုငါးတွေနည်းတူ ဈေးတွေလိုက်ပြီး တက်လာကြတာလားမသိဘူးလို့ ကြံကြံဖန်ဖန်အတွေးပေါက်မိသေးတယ်။

ဒီနေ့က ရေထရက်ဆိုတော့ ဈေးထဲမှာငါး၊ ပုစွန်တွေ လှိုင်လှိုင်ပေါနေတာကို တွေ့ရတယ်။ ရှေးမြန်မာတွေက လဆန်းတစ်ရက်ကနေ ၅ ရက်နေ့အထိကို ရေတက်ရက်၊ ၆ ရက်နေ့ကနေ ၁၀ ရက်နေ့အထိ ရေကျရက်၊ ၁၁ ရက်နေ့ကနေ ၁၅ ရက်နေ့အထိ ရေတက်ရက်၊ လပြည့်နေ့ကတော့ ရေအတက်ဆုံး ခေါင်ရေ၊ နောက်ပြီး လဆုတ်တစ်ရက်ကနေ ၅ ရက်နေ့အထိ ကျရက်၊ ၆ ရက်နေ့ကနေ ၁၀ ရက်နေ့အထိတက်ရက်၊ ၁၁ ရက်နေ့ကနေ လကွယ်အထိ ရေကျရက် အဲဒီလို မြန်မာလဆန်း၊ လဆုတ်နဲ့ပဲ တွက်ကြတာပါ။ ငါး၊ ပုစွန်က ရေတက်ရက်မှာ ပေါပြီး ရေကျရက်မှာ ရှားတယ်။

"ပုစွန်ဘော့ချိတ်ဝယ်ရင်ကောင်းမလား"

ဒန်ဇလားကြီးထဲက ပုစွန်ဘော့ချိတ်တွေဆီ မျက်စိကရောက်သွားတယ်။

"တစ်ဆယ်သား ၁၂၀၀၊ အစိတ်သားသုံးထောင် နဲ့ယူ အစ်မ"

ပုစွန်ဘော့ချိတ်ဈေးကတော့ နည်းနည်းကျသွားတယ်။

ဟိုတစ်ရက်က သူ့ထက်နည်းနည်းပိုကြီးတာ တစ်ဆယ်သားနှစ်ထောင်။

၁၉၆၉–၁၉၇၀ ကျော်ကာလ ကျွန်မငယ်ငယ်က အမေနဲ့ဈေးအတူသွားခဲ့တာကို ဖျတ်ခနဲသတိရသွားတယ်။ အမေက "ငါတို့ငယ်ငယ်ကဆို ဒီလိုငါးကျည်း၊ ငါးခူမျိုး မစားသေးပေါင်"လို့ပြောပါတယ်။

ကျွန်မက "ဒါဆို ဘာငါးမျိုးတွေစားသလဲ" ဆိုတော့ "ငါတို့ မြန်မာတွေ အထူးသဖြင့် ရန်ကုန်သူ၊ ရန်ကုန်သားတွေက ငါးမြင်း၊ ငါးကြင်း၊ ပုစွန်တုပ်လောက်မှကွယ်။ ပုစွန်ကျော့၊ ဘော့ချိတ်ဆိုတာမျိုး လှည့်တောင်မကြည့်ဘူး" လို့ ဆိုပါတယ်။

အဲဒီအချိန်က ပုစွန်ကျော့၊ ဘော့ချိတ် တစ်ပိဿာ ၁၂ ကျပ်၊ ငါးမြင်းရင်းဈေးက တစ်ပိဿာ ၁၈ ကျပ်ဖြစ်နေလို့ အမေက သူတို့ငယ်ငယ်က ခေတ်ထက်စာရင် ဈေးကြီးတယ်ဆိုပြီး မချိတင်ကဲ ပြောခဲ့တာဖြစ်ပါတယ်။ အခုအချိန်ဆို အမေဘာပြောမလဲမသိဘူး။

ပုစွန်စပ်တုပ်အသေးလေးတွေပဲ တစ်ဆယ်သားကို ၂၅၀၀။ ငါးမြင်းရင်းက မပြောပါနဲ့၊ မြစ်ငါးတန် တစ်ဆယ်သားကိုပဲ ၂၀၀၀၊ ငါးကျည်း၊ ငါးခူ၊ ငါးကြင်း(အကောင်ကြီးသား) လည်း ၂၀၀၀ ပဲ။ ကျွန်မကြိုက်တဲ့ ငါးပုဏ္ဏားဆိုလည်း ၂၅၀၀၊ ၃၀၀၀ ဖြစ်နေလို့ မချက်ဖြစ်တာကြာပြီ။

ငါးဖယ်ခြစ်အစစ်နဲ့ ဆိတ်သားကလည်း တစ်ဆယ်သားသုံးထောင်မို့ အနားတောင်မကပ်ရဲဘူး။ အခုချိန်မှာ အခြားအိမ်ရှင်မတွေနည်းတူ ဝက်သားနဲ့ မွေးမြူရေးကြက်ပဲ အစားများနေခဲ့တယ်။ ဝက်သားသုံးထပ်သားကလည်း တစ်ဆယ်သား ၂၀၀၀၊ မွေးမြူရေးကြက်က ၁၀၀၀၊ ၁၂၀၀ ဖြစ်နေပေမယ့် ငါးပုစွန်တွေလို အမြီးနုတ်၊ ခေါင်းနုတ်စရာမလိုတော့ တွက်ခြေကိုက်တယ်လို့ပဲ ပြောရမှာပေ့ါ။

တကယ်တော့ အိမ်ထောင်ဦးစီး ယောကျ်ားခင်ပွန်းတွေက အိမ်ထောင်တစ်ခုလုံး၊ မိသားတစ်စုလုံးရဲ့ စားဝတ်နေရေးအတွက် ဦးစီးစီမံရှာဖွေလုပ်ဆောင်ကြရတဲ့နည်းတူ ကျွန်မတို့ အိမ်ရှင်မတွေကလည်း ဝင်ငွေနဲ့ထွက်ငွေ မျှတအောင် အခုလိုပဲ စဉ်းစားတွက်ချက်ပြီး ဝယ်ရခြမ်းရ စီမံချက်ပြုတ်ကြရတာပါပဲ။

မိသားစုလျှာရင်းမြက်စေဖို့ ဟင်းတစ်ခွက်ဖြစ်ဖို့ဆိုတာ လွယ်တာမှမဟုတ်တော့တာ။ အခုနောက်ပိုင်း ဟင်းတစ်ခွက်ဖြစ်ဖို့ အနည်းဆုံး သုံး၊ လေး၊ ငါးထောင်ရှိမှ။ သားငါးမတတ်နိုင်လို့ ဟင်းသီးဟင်းရွက်ပဲ စားဦးမလား။ ကန်စွန်းရွက်တစ်စည်းလေး၊ ငါးရာ။ ခရမ်းသီးအရှည်တစ်လုံး ငါးရာ၊ ပုံလုံသီးတစ်ထောင့် ခြောက်ရာ၊ ခုနစ်ရာ။ ငရုတ်သီးစိမ်း၊ နံနံပင်ဆို အရင်က ငါးဆယ်ဖိုး၊ တစ်ရာဖိုးရတယ်။ တစ်ခါတလေ အဆစ်တောင်ထည့်ပေးသေးတယ်။ အခု ၂၀၀ ဖိုးတောင် မရောင်းချင်တော့ဘူး။ လတ်တလောမှာ ချင်းတွေလည်း ဈေးကောင်းလာတယ်။ လက်တစ်ဆစ်ကိုပဲ လေး၊ ငါးရာ ပေးဝယ်နေရပြီ။

မြန်မာလူမျိုးတွေ အဓိက စားသုံးနေတဲ့ ဆန်ဆိုရင်လည်း မကြုံစဖူး ဆန်ကြမ်းတစ်ပြည် သုံးထောင်၊ ဆန်ချောပေါ်ဆန်းဆို ၃၅၀၀၊ ၄၀၀၀။ ရွှေဘိုပေါ်ဆန်းဆို ၄၅၀၀၊ ၅၅၀၀ တဲ့။

ဆန်ဈေးနှုန်း ကြီးမြင့်လာတာနဲ့ပတ်သက်ပြီး တစ်နေ့က သတင်းစာထဲမှာ မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်ဥက္ကဋ္ဌနဲ့ အင်တာဗျူးတာ ဖတ်လိုက်ရတယ်။ အသင်းချုပ်ဥက္ကဋ္ဌက "ဆန်ဈေးနှုန်းမြင့်တက်နေတဲ့အပေါ်မှာ အကြောင်းအရာက သုံးခုလောက်ရှိတယ်။ အဓိကလှောင်လက်တွေ များတယ်။ ဈေးကိုတက်အောင်လုပ်ပြီးမှ ထုတ်ရောင်းတာဖြစ်တယ်။ ဒီဟာတွေကို ကျွန်တော်တို့က စိစစ်ဖော်ထုတ်ပြီး ဆောင်ရွက်ဖို့ ရှိပါတယ်။ လူမှုကွန်ရက်တွေကနေပြီးတော့ မှန်တဲ့သတင်းတွေ တင်ပြတာရှိသလို လွဲမှားနေတဲ့ သတင်းတွေ သူတို့ရဲ့ရည်ရွယ်ချက်ကို အားပေးနေတဲ့ သတင်းမျိုးတွေကို တားဆီးဖို့ ရှိပါတယ်။

ဈေးကွက်ထဲမှာ ပြည်သူကို သတင်းမှားတွေ ပေးနေတာရှိတယ်။ စိုးရိမ်ပူပန်မှုတွေဖြစ်အောင် ဖန်တီးတယ်။ လူမှုကွန်ရက်ကနေ ဆန်ဈေးနဲ့ ပတ်သက်ပြီး သတင်းမဟုတ်တာတွေ လှုံ့ဆော်နေတာတွေ့ရတယ်။ တချို့ဆို ရည်ရွယ်ချက်ရှိရှိ လုပ်နေတာတွေ့ရတယ်။ ဆန်အဝင်မရှိပါဘူး ဆိုတာတွေ၊ ဆန်အဝင်မရှိပါဘူးဆိုတော့ ပြည်သူလူထုက စိုးရိမ်တာပေ့ါ။ ဆန်ပြတ်လပ်သွားရင် ဘယ်လိုလုပ်မလဲဆိုပြီးဖြစ်ကြတာ၊ အမှန်က မဟုတ်ပါဘူး။ ကျွန်တော်တို့မှာ စပါးက လုံလုံလောက်လောက်ရှိပါတယ်။

စားသုံးသူပြည်သူတွေကို မေတ္တာရပ်ခံချင်တာက ဆန်ကို လိုသလောက်ပဲဝယ်ပါ။ ဆန်ဈေးတည်ငြိမ်အောင် ကျွန်တော်တို့စီစဉ်ဆောင်ရွက်နေပါတယ်။ ဆန်ကိုသိုလှောင်ပြီး ဈေးကစားတာတို့၊ ဈေးနှုန်းကြီးမြင့်အောင်လုပ်တာတို့ကို ဖော်ထုတ်ပြီး ပညာပေးတာတွေ၊ အရေးယူတာတွေ လုပ်ဖို့စီစဉ်နေပါပြီ။

အခုဆိုရင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနဲ့ ကျွန်တော်တို့နဲ့ ညှိနှိုင်းတိုင်ပင်ပြီး ဆန်သိုလှောင်တဲ့သူတွေ မှတ်ပုံတင်မယ့်စနစ်လုပ်ဖို့ရှိပါတယ်။ လှောင်လက်တွေဆိုတဲ့နေရာမှာ ပုံမှန်သမားရိုးကျလှောင်တဲ့သူတွေရှိသလို အခြားရွှေတို့၊ ဒေါ်လာတို့ ဈေးကစားလို့မရအောင် နိုင်ငံတော်အစိုးရကနေပြီးတော့ ကိုင်တွယ်ထားတဲ့အခါမှာ ဆန်တို့၊ ပဲတို့မှာ လာပြီးတော့ရင်းနှီးမြှုပ်နှံတယ်။ လာပြီး ရင်းနှီးမြှုပ်နှံတာကို ကျွန်တော်တို့က ကြိုဆိုပါတယ်။ ဈေးကွက်ကမောက်ကမဖြစ်အောင် လာပြီးလုပ်တဲ့ အနေအထားမျိုးဆို ပြည်သူတွေရောအားလုံးထိခိုက်မှာ ဖြစ်တဲ့အတွက် ဒီကိစ္စတွေ မလုပ်ဖို့ပေ့ါ။ အခုတော့ ကျွန်တော်တို့က သိုလှောင်ရုံ မှတ်ပုံတင်စနစ်ကို စတော့မှာဖြစ်ပါတယ်" ဆိုပြီး ပြောတာ ဖတ်လိုက်ရတယ်။

တကယ်တော့ မြန်မာနိုင်ငံမှာ ခေတ်အဆက်ဆက် ကုန်ဈေးနှုန်းတက်တာမဆန်းပေမယ့် အခုနောက်ပိုင်းမှာ တော်တော်ဆိုးရွားလာတယ်။ ကုန်ပစ္စည်းတစ်မည်တည်း၊ တစ်ခုတည်းမကဘူး၊ အားလုံး ညှိထားသလားလို့ အောက်မေ့ရလောက်အောင် အထွေထွေကိုတက်လာတာ။ ဆန်၊ ဆီ၊ ဆား၊ သား၊ ငါး အမည်မည်အကုန်လုံးလိုလိုပါပဲ။

ဆန်ရေစပါးပေါများတဲ့နိုင်ငံမှာ ဆန်ဈေးနှုန်းကြီးတာ၊ မြစ်ချောင်းအင်းအိုင်ပေါများတဲ့နိုင်ငံမှာ သားငါးဈေးကြီးတာ၊ ရေသယံဇာတ၊ မြေသယံဇာတ ပေါကြွယ်ဝပြီး ရာသီဥတုမျှတတဲ့ နိုင်ငံမှာသစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်ဈေးကြီးတာ တကယ့်ကို မဖြစ်သင့်တဲ့ကိစ္စလို့ပဲ ဆိုရပါမယ်။

လက်ရှိအခြေအနေအရလည်း ပုံမှန်ကုန်ထုတ်လုပ်မှုနဲ့ ကုန်စည်စီးဆင်းမှုတွေက ပုံမှန်အနေအထားပါပဲ။ အခြေခံစားသောက်ကုန်တွေ ပြတ်လပ်မှုမရှိဘဲ ပုံမှန်ထွက်ရှိ၊ ဖြန့်ဖြူးရောက်ရှိနေတဲ့ကြားက ရန်ကုန်အပါအဝင်ဒေသအချို့မှာ ကုန်ဈေးနှုန်းတွေဘာကြောင့် အဆမတန်ဈေးကြီးနေရတာလဲ။ ကျွန်မတို့လောဘတွေ အလွန်ကြီးလာကြပြီလား။ လိုတာထက် ပိုအားကြီးလာတဲ့ လောဘဆိုရင်တော့ ဝိသမလောဘပါပဲ။

ဝိသမလောဘက ကူးစက်မြန်ပါတယ်။ သူများဆိုင်က လက်ရာအကောင်းစား၊ ကုန်ပစ္စည်းအကောင်းစားနဲ့ တူတူတန်တန် မုန့်ဟင်းခါးတစ်ပွဲကို တစ်ထောင်နဲ့ရောင်းရင် ဘေးကသာမန်မုန့်ဟင်းခါးဆိုင်ကလည်း တစ်ထောင်တက်ရောင်းဖို့ဝန်မလေးပါဘူး။ ဒီလိုပါပဲ ဝိသမလောဘသား ကုန်သည်ပွဲစားဆိုတာကလည်း မြန်မာနိုင်ငံမှာ နာဂစ်လို၊ အခုမိုခါလို သဘာဝဘေးတွေကြုံတွေ့လာရင် မျက်ဖြူဆိုက်လေ ဆရာကြိုက်လေ ဆိုသလို ကျဈေးနဲ့ သိုလှောင်ထားတဲ့ ကုန်ပစ္စည်းတွေကို ဈေးကစားပြီး အဆမတန်ဈေးတင်တော့တာပါပဲ။

တကယ်တော့ ကျွန်မတို့ဟာအလှူအတန်းရက်ရောတဲ့မြန်မာလူမျိုးတွေပါ။ ရှေးလူကြီးတွေကလည်း တကူးတကမလှူနိုင်ရင် "မလှူတတ်ရင် ဈေးရောင်း"လို့ဆိုခဲ့ကြပါတယ်။

ဒါကြောင့် ကုန်ဈေးနှုန်းကြီးမြင့်အောင် ဈေးကစားနေတဲ့ ကုန်သည်ပွဲစားတွေအနေနဲ့လည်း အများပြည်သူကို စာနာငဲ့ညှာတဲ့အနေနဲ့ ကိုယ့်ရဲ့ ဝိသမလောဘကို ချိုးနှိမ်ပြီး သင့်တင့်တဲ့ဈေးနှုန်းနဲ့ သမ္မာအာဇီဝကျကျ ရောင်းဝယ်ဖောက်ကားပေးကြဖို့ မေတ္တာရပ်ခံချင်ပါတယ်။

သက်ဆိုင်ရာတာဝန်ရှိသူတွေ၊ အသင်းအဖွဲ့တွေအနေနဲ့လည်း ကုန်ဈေးနှုန်းတည်ငြိမ်ရေး အတွက် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ပေးကြပါလို့ တင်ပြလိုက်ရပါတယ်။ ။

**"ဝိသမလောဘက ကူးစက်မြန်ပါတယ်။ သူများဆိုင်က လက်ရာအကောင်းစား၊ ကုန်ပစ္စည်းအကောင်းစားနဲ့ တူတူတန်တန် မုန့်ဟင်းခါးတစ်ပွဲကို တစ်ထောင်နဲ့ရောင်းရင် ဘေးကသာမန်မုန့်ဟင်းခါးဆိုင်ကလည်း တစ်ထောင်တက်ရောင်းဖို့ဝန်မလေးပါဘူး။ ဒီလိုပါပဲ ဝိသမလောဘသား ကုန်သည်ပွဲစားဆိုတာကလည်း မြန်မာနိုင်ငံမှာ နာဂစ်လို၊ အခုမိုခါလို သဘာဝဘေးတွေကြုံတွေ့လာရင် မျက်ဖြူဆိုက်လေ ဆရာကြိုက်လေ ဆိုသလို ကျဈေးနဲ့သိုလှောင်ထားတဲ့ ကုန်ပစ္စည်းတွေကို ဈေးကစားပြီး အဆမတန် ဈေးတင်တော့တာပါပဲ"**

**"တကယ်တော့ ကျွန်မတို့ဟာ အလှူအတန်းရက်ရောတဲ့ မြန်မာလူမျိုးတွေပါ။ ရှေးလူကြီးတွေကလည်း တကူးတကမလှူနိုင်ရင် "မလှူတတ်ရင် ဈေးရောင်း"လို့ ဆိုခဲ့ကြပါတယ်။**

**ဒါကြောင့် ကုန်ဈေးနှုန်းကြီးမြင့်အောင် ဈေးကစားနေတဲ့ ကုန်သည်ပွဲစားတွေ အနေနဲ့လည်း အများပြည်သူကို စာနာငဲ့ညှာတဲ့အနေနဲ့ ကိုယ့်ရဲ့ဝိသမလောဘကို ချိုးနှိမ်ပြီး သင့်တင့်တဲ့ဈေးနှုန်းနဲ့ သမ္မာအာဇီဝကျကျ ရောင်းဝယ်ဖောက်ကားပေးကြဖို့ မေတ္တာရပ်ခံချင်ပါတယ်။**

**သက်ဆိုင်ရာတာဝန်ရှိသူတွေ၊ အသင်းအဖွဲ့တွေအနေနဲ့လည်း ကုန်ဈေးနှုန်း တည်ငြိမ်ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ပေးကြပါ"**

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့၌ ပြည်ပပို့ကုန်မြှင့်တင်ရေး ဆွေးနွေးပွဲကျင်းပ



ဟိုပုံး ဇွန် ၁၁

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် ပြည်ပပို့ကုန် မြှင့်တင်ရေးဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးတင်ထူးမောင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန စားသုံးသူရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ချိုက စားသုံးသူကာကွယ်ရေးလုပ်ငန်းများနှင့် ပြည်တွင်းကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအကြောင်း၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါကပြည်တွင်း၊ ပြည်ပ ကုန်စည်ပြပွဲများနှင့်ပတ်သက်သည့်အကြောင်းအရာများ၊ မူပိုင်ခွင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးမိုးသွယ်က လုပ်ငန်းရှင်များအား မူပိုင်ခွင့်နှင့် ပတ်သက်သည့် ဆောင်ရွက်သင့်၊ ဆောင်ရွက်ထိုက်သည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)



## ပခုက္ကူတက္ကသိုလ်၌ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိ

ပခုက္ကူ ဇွန် ၁၁

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များနှင့်ကောလိပ်များ၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်ကို ဇွန် ၁ ရက်မှစတင်ကာ ပုံမှန်အတိုင်းပြန်လည်ဖွင့်လှစ် သင်ကြားလျက်ရှိရာ ပခုက္ကူတက္ကသိုလ်၌ ဝိဇ္ဇာနှင့်သိပ္ပံဘာသာရပ်ဌာန အသီးသီးအလိုက် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းပျော်ရွှင်စွာ တက်ရောက် ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

ထိုသို့ဖွင့်လှစ်သင်ကြားရာ ပခုက္ကူတက္ကသိုလ်ရှိဝိဇ္ဇာနှင့် သိပ္ပံဘာသာရပ်ဌာန ၁၄ ခုတွင် ပထမနှစ် ၁၉၂ ဦး၊ ဒုတိယနှစ် ၃၇၈ ဦး၊ တတိယနှစ် ၁၇၆ ဦး၊ စတုတ္ထနှစ်၂၀၆ ဦး၊ ပထမနှစ်(ဂုဏ်ထူးတန်း)၄၈ ဦး၊ ဒုတိယနှစ်(ဂုဏ်ထူးတန်း) ၈၈ ဦး၊ တတိယနှစ် (ဂုဏ်ထူးတန်း) ၃၃ ဦး၊ မဟာအရည်အချင်းစစ်သင်တန်း ၁၂ ဦး၊ မဟာဝိဇ္ဇာနှင့် သိပ္ပံသင်တန်း ၁၀၇ ဦး၊ စုစုပေါင်းကျောင်းသား ကျောင်းသူဦးရေ ၁၃၄၂ ဦး စိတ်အေးချမ်းသာစွာ တက်ရောက် သင်ကြားလျက်ရှိသည်။

ပခုက္ကူတက္ကသိုလ်တွင် ဥပဒေပညာနှင့်စီးပွားရေးပညာကို ၂၀၂၂-၂၀၂၃ ပညာသင်နှစ်မှစတင်ကာ တိုးချဲ့ဖွင့်လှစ်ခြင်းဖြစ်ပြီး ဘာသာရပ်နှစ်ခုပေါင်း ကျောင်းသား ကျောင်းသူ ၂၂ ဦး တက်ရောက်ပညာသင်ကြားကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း(မိုးညှင်း)၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

မိုးညှင်း ဇွန် ၁၁

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့ အစိုးရစက်မှုလက်မှု



သိပ္ပံကျောင်း (မိုးညှင်း)၌ မြို့နယ်သစ်တောဦးစီးဌာန၏ အစီအစဉ်ဖြင့် ၂၀၂၃ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ခရိုင်/ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ခရိုင်/ မြို့နယ်ဌာနဆိုင်ရာများ၊ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း(မိုးညှင်း)မှ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကျွန်းပင် ၂၀၀၊ ပျဉ်းကတိုးပင် ၁၅၀၊ ခရေပင် ၅၀၊ မန်ကျည်းရှားပင် ၅၀ နှင့် ကံ့ကော်ပင် ၅၀ စုစုပေါင်းပျိုးပင် ၅၀၀ ကို သတ်မှတ်နေရာများတွင် တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## နမ့်ခမ်းမြို့နယ်တွင် ဒုတိယအကြိမ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နမ့်ခမ်း ဇွန် ၁၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် နဝရတ်ရိပ်သာဝင်း၌ မြို့နယ်သစ်တောဦးစီးဌာနမှ စီစဉ်ဆောင်ရွက်မှုဖြင့် ယမန်နေ့ နံနက် ၉ နာရီက ဌာနဆိုင်ရာများနှင့်ဒေသခံတိုင်းရင်းသားများ စုပေါင်း၍ ဒုတိယအကြိမ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်ပင် ၄၀၊ ချယ်ရီ ၂၅ ပင်၊ ထင်းရှူး ၂၅ ပင်၊ မန်ဝိုင် ၂၅ ပင်၊ မန်ကျည်းအပင် ၁၀၀၊ မဲဇလီအပင် ၁၀၀၊ ဆူးထင်းရှူး ၁၅ ပင်၊ ထောပတ် ငါးပင်၊ ခါတော်မီ ၁၀ ပင်၊ ခရေ ၁၂ ပင်နှင့် စုစုပေါင်းပျိုးပင်ပေါင်း ၃၅၇ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၆-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၃၅ | ၂၀၈၅ | ၂၀၈၀ | ၂၀၄၅ | ၂၀၈၀ | ၂၁၀၅ | ၂၀၉၀ | ၂၀၇၀ | ၂၁၆၅ | ၂၁၈၅ | ၂၀၇၅ | ၂၀၈၅ | ၂၁၂၀ | ၂၁၂၀ | ၂၁၂၅ | ၂၃၅၅ | ၂၇၀၀ |
| 95 Ron | ၂၁၃၅ | ၂၁၈၅ | ၂၁၈၀ | ၂၁၄၀ | ၂၁၈၀ | ၂၂၀၅ | ၂၁၉၀ | ၂၁၆၅ | ၂၂၆၅ | ၂၂၈၀ | ၂၁၇၅ | ၂၁၉၀ | ၂၂၂၀ | ၂၂၂၀ | ၂၂၂၀ | ၂၄၅၀ | ၂၈၀၅ |
| HSD (500 ppm) | ၁၉၄၀ | ၁၉၉၀ | ၁၉၈၅ | ၁၉၅၀ | ၁၉၉၀ | ၂၀၁၀ | ၂၀၀၅ | ၁၉၇၅ | ၂၀၉၅ | ၂၀၉၀ | ၁၉၈၀ | ၁၉၉၀ | ၂၀၂၅ | ၂၀၂၅ | ၂၀၃၀ | ၂၂၆၀ | ၂၈၀၅ |
| HSD (50 ppm) | ၂၀၂၀ | ၂၀၇၀ | ၂၀၆၅ | ၂၀၃၀ | ၂၀၇၀ | ၂၀၉၀ | ၂၀၈၅ | ၂၀၅၅ | ၂၁၇၅ | ၂၁၇၀ | ၂၀၆၀ | ၂၀၇၀ | ၂၁၀၅ | ၂၁၀၅ | ၂၁၁၀ | ၂၃၄၀ | ၂၈၆၅ |
| HSD (10 ppm) | ၂၀၂၀ | ၂၀၇၀ | ၂၀၆၅ | ၂၀၃၀ | ၂၀၇၀ | ၂၀၉၀ | ၂၀၈၅ | ၂၀၅၅ | ၂၁၇၅ | ၂၁၇၀ | ၂၀၆၀ | ၂၀၇၀ | ၂၁၀၅ | ၂၁၀၅ | ၂၁၁၀ | ၂၃၄၀ | ၂၈၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၂၉ | ၂၀၀၂ |
| 95 Ron | ၂၀၂၄ | ၂၀၉၈ |
| HSD (500 ppm) | ၁၈၄၂ | ၁၉၀၈ |
| HSD (50 ppm) | ၁၉၁၆ | ၁၉၈၃ |
| HSD (10 ppm) | ၁၉၁၆ | ၁၉၈၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ဓာတ်ခွဲနမူနာစုစုပေါင်း ၆၇၃၀ စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၈ ဦး တွေ့ရှိ

ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၁-၆-၂၀၂၃) ရက်နေ့ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၀-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၁-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၇၃၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅၈) ဦး တွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၈၆) ရာခိုင်နှုန်း ရှိသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၇၃၃,၆၉၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၉,၆၆၂) ဦး ရှိပြီဖြစ်သည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃၉) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၈,၅၆၆) ဦး ရှိပြီဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www. moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

အောင်ဘာလေ
အွန်လိုင်း သိန်းဆု ထီစနစ်

# Aung Bar Lay Application လမ်းညွှန်

## (အောင်ဘာလေအွန်လိုင်းထီ Application ကို အသုံးပြုပုံအဆင့်ဆင့်)

အောင်ဘာလေ
အွန်လိုင်း သိန်းဆု ထီစနစ်

































































## မျိုးစပါးနှင့် သွင်းအားစုများ ပေးအပ်ခြင်းနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ပေးအပ်ပွဲကျင်းပ

ဖျာပုံ ဇွန် ၁၁

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် တောင်သူများသို့မျိုးစပါးနှင့်သွင်းအားစုများဖြစ်သည့်ဓာတ်မြေဩဇာ၊ ပေါင်းသတ်ဆေး၊ မှိုသတ်ဆေးများ ပေးအပ်ခြင်းနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့ ညနေပိုင်းက ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ကျင်းပသည်။

### ရှင်းလင်းပြောကြား

အခမ်းအနားတွင် ဖျာပုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်လင်းက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ငွေများ ထုတ်ပေးရခြင်းအကြောင်းရင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမိုးမင်းနိုင်က မိုးစပါးတစ်ဧက ၁၀၀ တင်းနှုန်း တိုးမြှင့်ထွက်ရှိရေးအတွက် ဆောင်ရွက်ရမည့်အချက်များ၊ နွေစပါး၊ ပဲတီစိမ်းနှင့် မတ်ပဲ စိုက်ပျိုးခဲ့မှုအခြေအနေများ၊ ဆီထွက်သီးနှံ ဆောင်းနေကြာ ဆက်လက်စိုက်ပျိုးရမည့်အခြေအနေများကို လမ်းညွှန်မှာကြားပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မျိုးစပါးများနှင့် သွင်းအားစုများကို တောင်သူများလက်ဝယ်သို့ပေးအပ်သည်။

ထို့နောက် ဖျာပုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်လင်းက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများကို မြို့နယ် နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌများထံသို့ လွှဲပြောင်းပေးအပ်သည်။ ၂၀၇

✪ ကျောဖုံးမှ

အဆိုပါပြိုင်ပွဲ၌ ၆၀ ကီလိုတန်း ပြိုင်ပွဲများတွင် ကျောက်ခဲ(ရာမညအားမာန်)၏ ဘယ်ညာလက်သီးတွဲလုံးများကြောင့်စောမူထော်ဂေး(YMA)မှာ ပထမအချီ ၁၈ စက္ကန့်တွင် အနားတောင်းခဲ့ရပြီး ဆက်လက်မယှဉ်ပြိုင်နိုင်သဖြင့် ကျောက်ခဲက အနိုင်ရရှိသွားသလိုသန့်ဇင်(တော်ဝင်ရော)နှင့် ကျော်ရဲမင်း (အဲကညော)တို့ပွဲစဉ်တွင် နှစ်ဦးစလုံး ဖွင့်ထိုးခဲ့ပြီး ငါးချီပြည့်ခဲ့သဖြင့် သန့်ဇင်က အမှတ်ဖြင့်အနိုင်ရရှိခဲ့သည်။

၆၃ ဒသမ ၅ကီလိုတန်းတွင် ဗျူဠ(ကျားဖြူ)နှင့် စိန်လုံးချော(အောင်နိုင်သူ)တို့ သူတင်ကိုယ်တင် အမှားမခံဘဲထိုးကြရာ အရှုံးအနိုင်မပေါ်သဖြင့် စိန်လုံးချောက အမှတ်ဖြင့် အနိုင်ရရှိခဲ့သလို ဝီလျံ(ဒို့ရိုးရာ)နှင့်အောင်ဇော်ဟိန်း(ရွှေကုက္ကို)တို့ပြိုင်ပွဲတွင် နှစ်ဦးစလုံး ထိုးလုံးထိုးပေါက်ကောင်းခဲ့ပြီး ဝီလျံက အမှတ်ဖြင့် အနိုင် ရရှိခဲ့သည်။

ဆက်လက်၍ ၆၇ ကီလိုတန်း ကညောခွား(ဘီလပ်မြေစက်ရုံ)နှင့် ထက်နိုင်အောင်(ပင)တို့ ပြိုင်ပွဲတွင် သူတစ်ပြန်ကိုယ်တစ်ပြန် ပညာကုန်ထုတ်ယှဉ်ပြိုင်ထိုးသတ်ကြရာ တတိယအချီ ၁ မိနစ် ၁၆ စက္ကန့်တွင် ထက်နိုင်အောင်က ကညောခွားကို အလဲထိုးဖြင့် အနိုင်ရခဲ့သည်။

ယနေ့ယှဉ်ပြိုင်သည့်ပွဲစဉ်များတွင် အနိုင်ရရှိသူများမှာ နောက်တစ်ဆင့်သို့တက်ရောက်သွားကြောင်း၊ ဇွန် ၁၈ ရက် စနေ့တွင် ဗိုလ်လုပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ - လင်းရာမ

## (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | အင်ဒိုနီးရှား | ၁၅၈ | ၁၄၈ | ၉၅ | ၄၀၁ |
| ၂ | ထိုင်း | ၁၂၆ | ၁၀၉ | ၉၄ | ၃၂၉ |
| ၃ | ဗီယက်နမ် | ၆၆ | ၅၉ | ၇၈ | ၂၀၃ |
| ၄ | မလေးရှား | ၅၀ | ၃၈ | ၃၄ | ၁၂၂ |
| ၅ | ဖိလစ်ပိုင် | ၃၄ | ၃၃ | ၅၀ | ၁၁၇ |
| ၆ | မြန်မာ | ၁၅ | ၂၂ | ၁၉ | ၅၆ |
| ၇ | စင်ကာပူ | ၁၂ | ၁၅ | ၁၇ | ၄၄ |
| ၈ | ကမ္ဘောဒီးယား | ၉ | ၁၈ | ၄၄ | ၇၁ |
| ၉ | ဘရူနိုင်း | ၃ | ၃ | ၂ | ၈ |
| ၁၀ | တီမောလက်စတေ | ၂ | ၀ | ၅ | ၇ |
| ၁၁ | လာအို | ၀ | ၂ | ၁၀ | ၁၂ |

## တောင်ကြီးမြို့ အဝေးပြေးခရီးသည်တင် ယာဉ်ငယ်ရပ်နားစခန်း(သစ်တော) အဆင့်မြှင့်တင် တည်ဆောက်ခြင်းလုပ်ငန်းစီမံကိန်း ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပ

တောင်ကြီး ဇွန် ၁၁

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ တောင်ကြီး- ဟိုပုံးသွားလမ်း ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ခရီးသည်တင် အဝေးပြေးယာဉ်ငယ်ရပ်နားစခန်း (သစ်တော)အား အဆင့်မြှင့်တင် တည်ဆောက်ခြင်း လုပ်ငန်းစီမံကိန်း ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ဇွန် ၈ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။



အဆိုပါအဝေးပြေးခရီးသည်တင် ယာဉ်ငယ်ရပ်နားစခန်း (သစ်တော) အား မြို့အင်္ဂါရပ်နှင့် ညီညွတ်စေရန် ဥပဓိရုပ်ကောင်းမွန်သည့် အဆောက်အအုံများဖြင့် အစားထိုးတည်ဆောက်ခြင်း၊ ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေးနှင့် ပြည်သူများ လုံခြုံစိတ်ချ၍ အဆင်ပြေချောမွေ့စွာ ခရီးသွားလာနိုင်ရေးအတွက် ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနနှင့် Shinning Myanmar Co., Ltd တို့အကြား အကျိုးတူပူးပေါင်းဆောင်ရွက်သည့်စနစ်ဖြင့် အဆင့်မြှင့်တင်တည်ဆောက်ခြင်းဖြစ်သည်။

ယင်းပန္နက်တင် အခမ်းအနားသို့ ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးချုပ်တင်ကိုကို၊ ပြည်နယ် အဆင့်ဌာနဆိုင်ရာများ၊ မြို့မိ/မြို့ဖများ၊ Shinning Myanmar Co., Ltd မှတာဝန်ရှိသူများနှင့် ပုဂ္ဂလိကမော်တော်ယာဉ်လိုင်းများ ကြီးကြပ်မှုကော်မတီဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

စိုးလင်း(တောင်ကြီး)

■

## ၂၀၂၃ ခုနှစ်၊ ဇွန်လ (ဒုတိယ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

နေပြည်တော် ဇွန် ၁၁

### ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားကောင်းနိုင်သည်။

### မိုးရွာသွန်းမှုအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

### အမြင့်ဆုံးအပူချိန်အခြေအနေ

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇၄ ဒီဂရီဖာရင်ဟိုက်မှ ၈၃ ဒီဂရီဖာရင်ဟိုက်အတွင်း၊ ပဲခူးတိုင်းဒေသကြီး (တောင်ပိုင်းနှင့်အနောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၄ ဒီဂရီဖာရင်ဟိုက်မှ ၉၃ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ၉၄ ဒီဂရီဖာရင်ဟိုက်မှ ၁၀၃ ဒီဂရီ ဖာရင်ဟိုက်အတွင်း ရှိနိုင်သည်။

### အနိမ့်ဆုံးအပူချိန်အခြေအနေ

ချင်းပြည်နယ်တွင် ၅၂ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၆၄ ဒီဂရီဖာရင်ဟိုက်မှ ၇၄ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်းနှင့်တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၅ ဒီဂရီဖာရင်ဟိုက်မှ ၈၅ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်သည်။

### လေထုစိုထိုင်းဆအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့် အနောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် တို့တွင် ၇၂ ရာခိုင်နှုန်းမှ ၈၃ ရာခိုင်နှုန်းအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ် တောင်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် ၈၄ ရာခိုင်နှုန်းမှ ၉၅ ရာခိုင်နှုန်း အတွင်း အသီးသီးရှိနိုင်သည်။

### ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ

တနင်္သာရီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် ၁၉ မီလီမီတာမှ ၂၉ မီလီမီတာအတွင်း၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်းနှင့်တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၃၀ မီလီမီတာမှ ၃၉ မီလီမီတာအတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)နှင့် ကရင်ပြည်နယ်တို့တွင် ၄၀ မီလီမီတာမှ ၄၉ မီလီမီတာအတွင်းနှင့် မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ၅၀ မီလီမီတာမှ ၅၉ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

### မြေဆီလွှာအောင်းရေအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ပြည့်ဝ) အခြေအနေ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် (စိုစွတ်)အခြေအနေနှင့် မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်းတို့တွင်(ခြောက်သွေ့)အခြေအနေ အသီးသီးရှိခဲ့သည်။ မိုး/ဇလ

# အမေရိကန်နိုင်ငံက ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(ယူနက်စကို)သို့ ပြန်လည်ဝင်ရောက်မည်

ကုလသမဂ္ဂ ဇွန် ၁၁

အမေရိကန်နိုင်ငံက ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို)သို့ ပြန်လည်ဝင်ရောက်နိုင်ရန် စီစဉ်လျက်ရှိကြောင်း သတင်းရင်းမြစ်များက အင်န်အိတ်ချ်ကေသတင်းဌာနသို့ ပြောကြားသည်။

**ဆုံးဖြတ်ချက်ချမှတ်ခဲ့**

အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်သည် အစ္စရေးနိုင်ငံအပေါ် ဘက်လိုက်မှုကြောင့် ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့မှ အမေရိကန်ကို နုတ်ထွက်ရန် ၂၀၁၇ ခုနှစ်တွင် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

ထိုအချိန်က ဒေါ်နယ်ထရမ့်ဦးဆောင်သော အမေရိကန်အစိုးရသည် ၎င်း၏အစ္စရေးလိုလားသော ရပ်တည်ချက်ကို ရှင်းရှင်းလင်းလင်းပြသခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် တရားဝင်နုတ်ထွက်ခဲ့သည်။

လက်ရှိတွင် သမ္မတဂျိုးဘိုင်ဒင် ဦးဆောင်သော အမေရိကန်အစိုးရက အမေရိကန်နိုင်ငံကို ယူနက်စကိုသို့ ပြန်လည်ဝင်ရောက်ရန် စာတစ်စောင်ပေးပို့ထားပြီးဖြစ်ကြောင်းနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြန်လည်လုပ်ဆောင်ရန် စီစဉ်လျက်ရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက အင်န်အိတ်ချ်ကေသတင်းဌာနသို့ ပြောကြားသည်။

အမေရိကန်၏ အဆိုပါဆုံးဖြတ်ချက်ကို တရားဝင်အသိပေးရန်အတွက် ပါရီမြို့ရှိ UNESCO ရုံးချုပ်၌ သံတမန်များဆိုင်ရာ အစည်းအဝေးတစ်ရပ်ကို ဇွန် ၁၁ ရက်တွင် ကျင်းပရန် စီစဉ်ထားသည်ဟု ယူနက်စကို သတင်းရင်းမြစ်များက ပြောသည်။

နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို အလေးထားလုပ်ဆောင်သည့် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်အစိုးရသည် သမ္မတဟောင်း ထရမ့်အစိုးရလက်ထက်တွင် အမေရိကန်နုတ်ထွက်ခဲ့သည့် နိုင်ငံတကာအဖွဲ့အစည်းအများအပြားထံ ပြန်လည်ဝင်ရောက်မှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

၎င်းတို့တွင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပါရီသဘောတူညီချက်နှင့် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီတို့လည်း ပါဝင်သည်။




ကိုးကား- အင်န်အိတ်ချ်ကေ
ဘာသာပြန်- အောင်ကျော်ကျော်




# ပါကစ္စတန်၌ မိုးရွာသွန်းမှုနှင့် ဆက်နွှယ်သည့်ဖြစ်စဉ်များကြောင့် အနည်းဆုံး ၂၅ ဦးသေဆုံးကာ ၁၄၅ ဦး ဒဏ်ရာရရှိ

အစ္စလာမ္မာဘတ် ဇွန် ၁၁

ပါကစ္စတန်၏ ခိုင်ဘာပက်တွန်ခွာပြည်နယ် အနောက်မြောက်ပိုင်း၌ မိုးရွာသွန်းမှုနှင့် ဆက်နွှယ်သည့်ဖြစ်စဉ်များကြောင့် အနည်းဆုံး ၂၅ ဦးသေဆုံးကာ အခြားသော ၁၄၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ခိုင်ဘာပက်တွန်ခွာ ပြည်နယ်သဘာဝဘေးစီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့က ပြောကြားသည်။

အဆိုပါသေဆုံးသူများနှင့် ဒဏ်ရာရရှိသူများအနက်မှ သေဆုံးသူ ၁၅ ဦးနှင့် ဒဏ်ရာရရှိသူ ၁၀၀ မှာ ခိုင်ဘာပက်တွန်ခွာပြည်နယ် ဘန်နူခရိုင်မှ ဖြစ်ကြောင်း ဒေသအာဏာပိုင်များက ဇွန် ၁၀ ရက် ညပိုင်းတွင် သတင်းထုတ်ပြန်ခဲ့ပြီး လူနေအိမ် ၆၈ လုံး ပျက်စီးခဲ့ကြောင်း သိရသည်။

ခိုင်ဘာပက်တွန်ခွာပြည်နယ်၏ လက်ကီမာဝက်ခရိုင်၌လည်း မိုးရွာသွန်းမှုနှင့် ဆက်နွှယ်သည့်ဖြစ်စဉ်များကြောင့် ငါးဦးသေဆုံးကာ ၄၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်သဘာဝဘေးစီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့က ပြောသည်။

ထို့ပြင် ကာရက်ခရိုင်၌ လေးဦးသေဆုံးခဲ့ကြောင်းနှင့် ဒီရာအစ္စမေးလ်ခန်ခရိုင်၌ တစ်ဦးသေဆုံးကာ နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်းလည်း သိရသည်။ ခိုင်ဘာပက်တွန်ခွာပြည်နယ်၌ သေဆုံးခဲ့သူများထဲတွင် အမျိုးသား ၁၇ ဦး၊ အမျိုးသမီးတစ်ဦးနှင့် ကလေးငယ်ခုနစ်ဦး ပါဝင်ကြောင်း ပြည်နယ်သဘာဝဘေးစီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့က ပြောသည်။

ခိုင်ဘာပက်တွန်ခွာပြည်နယ်၏ ဒေသအာဏာပိုင်အဖွဲ့များနှင့် ပါကစ္စတန်နိုင်ငံ အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့တို့သည် မိုးရွာသွန်းမှုနှင့် ဆက်နွှယ်သည့်ဖြစ်စဉ်များ ဒဏ်ခံခဲ့ရသောဒေသများ၌ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်



# သီရိလင်္ကာနိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ကလေးငယ်အရေအတွက် မြင့်တက်လာ

ကိုလံဘို ဇွန် ၁၁

သီရိလင်္ကာနိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ကလေးငယ်အရေအတွက် မြင့်တက်လာကြောင်းနှင့် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူများအနက် ၂၅ ရာခိုင်နှုန်းခန့်သည် ကလေးငယ်များဖြစ်ကြောင်း ကျန်းမာရေးအရာရှိတစ်ဦးက ယနေ့ ပြောကြားသည်။

နိုင်ငံအတွင်း၌ ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၄၂၀၀၀ ကျော်ရှိကြောင်း အမျိုးသား သွေးလွန်တုပ်ကွေးထိန်းချုပ်ရေးဌာန ဒါရိုက်တာ နာလင်အာရီယာရာနီက ပြောသည်။

စာသင်ကျောင်းများ၌ သွေးလွန်တုပ်ကွေးရောဂါ ပျံ့နှံ့မှု မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်များ ချမှတ်သွားရန်လိုအပ်ကြောင်း အမျိုးသား သွေးလွန်တုပ်ကွေးထိန်းချုပ်ရေးဌာန ဒါရိုက်တာ နာလင်အာရီယာရာနီက ဆိုသည်။

ရောဂါဖြစ်ပွားမှု ၅၀ ရာခိုင်နှုန်းခန့်သည် သီရိလင်္ကာနိုင်ငံ၏ လူဦးရေအထူထပ်ဆုံးဒေသဖြစ်သည့် အနောက်ပြည်နယ်မှဖြစ်ပြီး ၂၀၂၃ ခုနှစ်တွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု များပြားလာမည်ကို ကူးစက်ရောဂါဗေဒပညာရှင်များက စိုးရိမ်နေကြသည်ဟု ဒါရိုက်တာ နာလင်အာရီယာရာနီက ပြောသည်။

သီရိလင်္ကာနိုင်ငံ၌ ယမန်နှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၇၆၀၀၀ ကျော်ရှိကြောင်း တရားဝင်အချက်အလက်များအရ သိရသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- အောင်ကျော်ကျော်

# ဂျော်ဒန်နှင့် အီဂျစ်နိုင်ငံတို့က ဓာတ်ငွေ့အခြေခံအဆောက်အအုံနယ်ပယ် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်မည်



အမ်မန် ဇွန် ၁၁

ဂျော်ဒန်နိုင်ငံနှင့် အီဂျစ်နိုင်ငံတို့သည် ဓာတ်ငွေ့အခြေခံအဆောက်အအုံနယ်ပယ်များ၌ ပူးပေါင်းဆောင်ရွက်မှုများကိုမြှင့်တင်ရန် သဘောတူညီချက်တစ်ရပ်ကို ဇွန် ၁၀ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြကြောင်း ယနေ့ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

သဘောတူညီချက်အရ အီဂျစ်နိုင်ငံသည် ဂျော်ဒန်နိုင်ငံ အက်ကာဘာရှိ ရှိတ်ခ်ဆာဘာ အယ်လ်-အာမက်ဆိပ်ကမ်းတွင်ရှိသော ရေပေါ်သိုလှောင်သင်္ဘောကို ဓာတ်ငွေ့လုပ်ငန်းအတွက် အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

အပြန်အလှန်အားဖြင့် ဂျော်ဒန်နိုင်ငံသည် အီဂျစ်နိုင်ငံမှ သဘာဝဓာတ်ငွေ့ရည်ကို လက်ခံရရှိမည်ဖြစ်ပြီး လိုအပ်ပါက နိုင်ငံနှစ်ခုကြားရှိ ပိုက်လိုင်းများမှတစ်ဆင့် သဘာဝဓာတ်ငွေ့တစ်စိတ်တစ်ပိုင်းကို ပြန်လည်စုပ်ယူမည်ဖြစ်ကြောင်း သိရသည်။

ယခုချုပ်ဆိုခဲ့သော သဘောတူလက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ ဂျော်ဒန်နိုင်ငံ စွမ်းအင်ဝန်ကြီး ဆာလက်ခါရက်ရှက်နှင့် အီဂျစ်နိုင်ငံ စွမ်းအင်ဝန်ကြီး အီလ်-မိုလာတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

# ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ဥပဒေဘောင်အတွင်း လက်နက်/ခဲယမ်းများနှင့်အတူ ပြန်လည်ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ဆုကြေးငွေများနှင့် ထောက်ပံ့ငွေများ ပေးအပ်

နေပြည်တော် ဇွန် ၁၁

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်လျက်ရှိပြီး ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများဖြင့် ဝင်ရောက်လာသူများကို ဆုကြေးငွေများ သီးသန့်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ယင်းသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ဖိတ်ခေါ်လျက်ရှိသဖြင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း နယ်မြေများအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိသည့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသော PDF အဖွဲ့ဝင်များအား ပြန်လည်လက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်း




စစ်ဌာနချုပ်ရှိ သံလွင်ခန်းမ၌ ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ တာဝန်ရှိသူများနှင့် ပြန်လည်အလင်းဝင်လာသည့် PDF အဖွဲ့များနှင့် ၎င်းတို့၏ မိဘများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းမှ PDF အဖွဲ့ဝင် အမျိုးသားသုံးဦးသည် ၎င်းနှင့်အတူပါလာသော လက်ပစ်ဗုံးတစ်လုံးအား တာဝန်ရှိသူများထံအပ်နှံရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဆုကြေးငွေအဖြစ်ပေးအပ်သည့် လက်ပစ်ဗုံးတစ်လုံးအတွက် ဆုကြေးငွေနှင့် တာဝန်ရှိသူများက ပေးအပ်သည့် ထောက်ပံ့ငွေများနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ကြပြီး ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ လက်နက်/ခဲယမ်းများပါရှိမှုအတွက် ဆုကြေးငွေများ ထိုက်ထိုက်တန်တန် ထောက်ပံ့ပေးအပ်လျက်ရှိခြင်းကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၁၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

### အမှုဖွင့်လှစ်အရေးယူ

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် အင်းသာရပ်ကွက်နေ မြင့်မြင့်အေးသည် ၎င်းအသုံးပြုသည့် “Myint Myint Aye” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက်နေ စောဂေးဒိုစိုးသည် ၎င်းအသုံးပြုသည့် “Gay Doh Soe” Facebook အကောင့်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် အမှတ်(၃)ရပ်ကွက်နေ ခင်ဇော်သည် ၎င်းအသုံးပြုသည့် “Khin Zaw” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

### ထိရောက်စွာ အရေးယူသွားမည်

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စက်ယန္တရားများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၁၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၇ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မိုးညှင်းမြို့ ပင်လုံကျေးရွာအနီး၌ ပိုင်ရှင်မဲ့ Sany ဘက်ဟိုးယန္တရား နှစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀၀)ကိုလည်းကောင်း၊ Sinomach ဘက်ဟိုးယန္တရား တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀)ကို လည်းကောင်း၊ Matador ဘက်ဟိုးယန္တရား နှစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀၀)ကို လည်းကောင်း၊ Hitachi ဘက်ဟိုးယန္တရား နှစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀၀)ကို လည်းကောင်း၊ Doosan ဘက်ဟိုးယန္တရား လေးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀၀၀)ကို လည်းကောင်း၊ Hyundai ဘက်ဟိုးယန္တရား နှစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀၀)ကို လည်းကောင်း၊ Zoommlion ဘက်ဟိုးယန္တရား တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀)ကို လည်းကောင်း (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၂၀၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇွန် ၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မှ ရန်ကုန်သို့




မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု။

မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် M150 Energy Drink ပုလင်း ၁၀၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Yutong ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို လည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် Ready Gasoline Generator Set ၇၃ ခု(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၉၉၀၀၀)ကို လည်းကောင်း (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၁၉၉၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၉ ရက်တွင် ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မူဆယ်ခရိုင် တရားမဝင် ကုန်စည်တားဆီးထိန်းချုပ်ရေးအဖွဲ့က မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော်လမ်းဘေးတစ်နေရာတွင် စုပုံထားသောကုန်ပစ္စည်းများကို တွေ့ရှိသဖြင့် မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ ပို့ဆောင်၍ အသေးစိတ်စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ High Voltage Transformer 220V ၂၅ ခု အပါအဝင် ကုန်ပစ္စည်း ရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၆၉၄၈၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇွန် ၁၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ခရိုင်သစ်တောဦးစီးဌာန ဦးဆောင်သောပူးပေါင်းအဖွဲ့က ပဲခူးခရိုင်အတွင်း စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားမဝင်သစ် သုည ဒသမ ၄၂၀ တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၄၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇွန် ၇ ရက်၊ ၉ ရက်နှင့် ၁၁ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ခြောက်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၆၂၀၉၇၈၈၀)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၁၅-၅-၂၀၂၃ ရက်မှအဆက်

"အဲဒီတော့ကာ ပထမအဆင့်၊ ဒုတိယအဆင့်တွေမှာ ညီညီညွတ်ညွတ်နဲ့ အောင်မြင်အောင်လုပ်နိုင်ရင် တတိယအဆင့်လုပ်ဖို့ကတော့ မခဲယဉ်းတော့ပါဘူး။ ပိုပိုပြီးတော့တောင် ပါဝင်သူ ထန်းသမားတွေဟာ အကျိုးကျေးဇူးတရား ခံစားနိုင်ပါတယ်။ ကောင်းပြီ၊ ဘယ်လိုမူနဲ့ လုပ်မလဲလို့ဆိုလို့ရှိရင် အပိုင်း ၅ ပိုင်း ခွဲပြီးတော့ လုပ်ဆောင်ရပါလိမ့်မယ်။ အဲဒီ အပိုင်း ၅ ပိုင်းက ဘာလဲလို့ဆိုရင်-

(၁) ထန်းတက်တဲ့အပိုင်း။

(၂) မြူအိုးသိမ်းယူတဲ့အပိုင်း။

(၃) ကျိုချက်တဲ့အပိုင်း။

(၄) ထန်းနှင့်ပတ်သက်တဲ့ကိရိယာများကို ပြုလုပ်တဲ့အပိုင်း။

(၅) ထန်းလျက်များကို သိုလှောင်ရေးနဲ့ ရောင်းဝယ်ရေးအပိုင်းရယ်လို့ ခွဲခြားထားပါတယ်။

"ဒီ ဘုံထန်းတောလုပ်ငန်းထဲမှာပါဝင်တဲ့ ထန်းသမားအိမ်ထောင်စုတိုင်းဟာ ကိုယ် နိုင်နင်းကျွမ်းကျင်တဲ့အပိုင်းကိုသာလုပ်သွားရန် ဖြစ်ပါတယ်။ အပိုင်းငါးပိုင်းလုံးကို ဝင်ရောက်လုပ်ကိုင်သွားစရာ မလိုပါဘူး။ ထန်းတက်တဲ့ဘက်မှာ ကျွမ်းကျင်တဲ့လူက တက်ရုံပဲ။ တစ်ခါ မြူအိုးသိမ်းတာ၊ ကောက်တာ လုပ်တတ်တဲ့လူက အဲဒါကို လုပ်ရုံပဲ။ အဲဒီလိုပဲ တခြားကျိုချက်ပြီး ထန်းလျက်လုပ်တာတို့၊ ရောင်းဝယ်ရေးတို့ လုပ်တဲ့လူများကလည်း သူတို့ နိုင်နင်းတဲ့ တကယ်တတ်ကျွမ်းတဲ့ အလုပ်တွေကို မခိုမကတ်ဘဲနဲ့ လုပ်အားညီညီ လုပ်သွားရုံပါပဲ။ လုပ်ခရတဲ့ အခါကျတော့လည်း လုပ်ငန်းအလိုက် အချိုးကျရသွားမှာပါပဲ။ ဘယ်သူမှာဖြင့် နာတယ် သာတယ်လို့ မဖြစ်စေရပါဘူး။

"ဒါတွေတွင် မကသေးပါဘူး။ နာဖျားရေး အကျိုးခံစားခွင့်ကျတော့လည်း ရှိပါတယ်။ ဥပမာ အဖွဲ့ဝင်တစ်ယောက်ယောက်ဟာ မကျန်းမာလို့ရှိရင် အဖွဲ့ရန်ပုံငွေက ဆေးဝါးကုသမှုရှိပါတယ်။ ဒီလို မကျန်းမာလို့ ဆေးဝါးကုသနေစဉ်အတွင်းမှာ သူ့ရဲ့လုပ်အားတာဝန်ကို တခြားလူတွေက မျှလုပ်ပေးရပါမယ်။ ဒီလို မကျန်းမမာလို့ မလုပ်နိုင်ပေမဲ့ လုပ်ခကို ဖြတ်တောက်မထားပါဘူး။ လုပ်ခ အပြည့်ရပါမယ်။ ဒီအခွင့်အရေးဟာ ဘုံထန်းတောအဖွဲ့ဝင်တိုင်း ခံစားခွင့်ရှိပါတယ်။

"နောက်ပြီး ဒီနေရာမှာ ထန်းပိုင်ရှင်တွေကျတော့ ဘယ်လိုပေးမလဲလို့ မေးစရာရှိပါတယ်။ ဒါဟာလည်း မူချမှတ်ပြီးသားပါ။ ကျွန်တော်တို့ စောစောက ငါးစုတစ်စုပေးဖို့ အဆိုတင်သွင်းခဲ့သလို အဲဒီအတိုင်း ကျွန်တော်တို့ ဘုံထန်းတောကတော့ လက်တွေ့ကျင့်သုံးသွားမှာပဲ။ ထန်းသမားတစ်ယောက်ဟာ ဘုံထန်းတောထဲကို ထန်းပင်ပေါင်းဘယ်လောက်နဲ့ အဖွဲ့ဝင်လာသလဲဆိုတာ ကြည့်ပြီးတော့မှ၊ ထန်းတစ်ပင် တစ်နှစ်မှာ ဘယ်လောက်နှုန်းထွက်တယ်ဆိုတာ ပျမ်းမျှ တွက်ချက်ပြီးတော့မှ ငါးစုတစ်စုနဲ့ ထန်းပိုင်ရှင်ကို ပေးရမှာပဲ။ ဒါနဲ့ပတ်သက်လို့ ထန်းသမားဟာ ထန်းပိုင်ရှင်ကို မျက်နှာပူစရာ မလိုပါဘူး။ ဘုံထန်းတောလုပ်လိုက်တာနဲ့ ထန်းတောမှန်သမျှကို အဖွဲ့ဝင်အားလုံးက စုပေါင်းတာဝန်ခံသွားမှာပါ။ ဘယ်သူတက်တဲ့ထန်း၊ ဘယ်ဝါတက်တဲ့ထန်းရယ်လို့ မရှိတော့ဘူး။ အဖွဲ့နဲ့ ထန်းပိုင်ရှင်နဲ့ တိုက်ရိုက်ဆက်ဆံသွားပါလိမ့်မယ်။

ဒါကြောင့်မို့ အခုညီလာခံကြီးကို တက်ရောက်လာကြတဲ့ ထန်းသမားကိုယ်စားလှယ်တော်ကြီးများဟာ ဘုံထန်းတောလုပ်ငန်းနဲ့ ပတ်သက်လို့ဖြစ်ဖြစ်၊ စုပေါင်း ထန်းလျက်ကျိုချက်ရေးနဲ့ ပတ်သက်လို့ပဲဖြစ်ဖြစ် ကျွန်တော်တို့ စုပေါင်းထန်းလုပ်ငန်းဌာနကို အချိန်မရွေး လာရောက်မေးမြန်း လေ့လာနိုင်ပါတယ်။ အကူအညီလိုရင်လည်းပေးဖို့ အဆင်သင့်ပါ။ ကျွန်တော်တို့ လက်ပံပင်ရွာက စုပေါင်းထန်းတောကတော့ စံပြဖြစ်အောင် ကြိုးစားသွားပါ့မယ်။ ကိုယ်စားလှယ်တော် ထန်းသမားကြီးများဟာလည်း ကိုယ့်ရွာကိုယ်ပြန်ရောက်ရင် တစ်ဦးနှင့်တစ်ဦး ညှိနှိုင်းပြီး ကိုယ်နိုင်တဲ့အဆင့်ကို စုပေါင်းပြီးလုပ်ကြပါလို့ တိုက်တွန်းလိုက်ပါတယ်။

"နောက်ဆုံး ကျွန်တော် သတင်းကောင်းပါးလိုက်လိုတာကတော့ ဘယ်သူတွေ မလုပ်သည်ဖြစ်စေ ကျွန်တော်တို့ လက်ပံပင်ရွာကတော့ ဘုံစနစ်ဖြင့် ဘုံထန်းတောအဖြစ် သတ်မှတ်ပြီး စုပေါင်းထန်းလျက်ထုတ်လုပ်ရေးလုပ်ငန်းကို ဒီညီလာခံကြီးပြီးတာနဲ့ စတင်အကောင်အထည်ဖော်ပြီး လုပ်ဆောင်သွားမှာမို့ ဒီမြို့နယ်လုံးဆိုင်ရာ ထန်းသမားညီလာခံကြီးမှာ ဘုံထန်းတောလုပ်ဆောင်ရေး အဆိုပြုချက်ကို တင်သွင်းပါတယ်" (ဩဘာသံများ)

"အခု နောက်ဆုံးတင်သွင်းမယ့် အချက်ကတော့ အားလုံး သိတော်မူကြတဲ့အတိုင်း မကြာမီသော ကာလမှာ ပုပ္ပားဒေသမှာ တောင်သူလယ်သမား နှီးနှောဖလှယ်ပွဲကြီး ကျင်းပပါလိမ့်မယ်။ တောင်သူလယ်သမား နှီးနှောဖလှယ်ပွဲဆိုပေမဲ့ အချို့သော ထန်းတက်သမား လူတန်းစားတွေဟာ တောင်သူတစ်ပိုင်းမို့ အပါအဝင် ဖြစ်နေပါတယ်။ ဒီနှီးနှောဖလှယ်ပွဲကြီးဟာ ကျွန်တော်တို့ တောင်သူလယ်သမား၊ ထန်းသမားလုပ်သားတို့ရဲ့ဘဝကို သက်သာချောင်ချိမှုရှိအောင် ဘဝအဆင့် လူနေမှုမြင့်လာအောင် စွမ်းဆောင်နိုင်တဲ့ နှီးနှောဖလှယ်ပွဲကြီးဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီနှီးနှောဖလှယ်ပွဲကြီးကို ဒီညီလာခံကြီးက ကြိုဆိုထောက်ခံသင့်ပါတယ်။

"နောက်ပြီး ဒီပုပ္ပားနှီးနှောဖလှယ်ပွဲကြီးကို အခုတက်ရောက်လာကြတဲ့ ဦးကြီးအချို့ဟာလည်း အနည်းနဲ့အများဆိုသလို ဒေသဆိုင်ရာ ကိုယ်စားလှယ်တွေအဖြစ် တက်ရောက်ရလိမ့်မယ်လို့ ယုံကြည်ပါတယ်။ အဲဒီအခါမှာ ကျွန်တော် စောစောကတင်ပြခဲ့တဲ့ အချက် နံပါတ် (၁) (၂) နှင့် (၄) (၅) ဖြစ်တဲ့ ထန်းသမားတို့ရဲ့ အခက်အခဲ ပြဿနာအဖုံဖုံကို အလေးအနက်ထားပြီး တင်ပြဆွေးနွေးကြမယ်လို့ ယုံကြည်ပါတယ်။ အဲဒါကြောင့် ဒီပုပ္ပားနှီးနှောဖလှယ်ပွဲကြီးကို ဒီထန်းသမားညီလာခံကြီးက လှိုက်လှိုက်လှဲလှဲ ထောက်ခံကြိုဆိုပါကြောင်း အဆိုကို နောက်ဆုံးတင်သွင်းရင်းနဲ့ နိဂုံးချုပ်ခဲ့ပါရစေ"

ကိုအေးဆွေသည် သူ၏အဆိုကို တင်သွင်းပြီးသည်နှင့် သူ့နေရာကုလားထိုင်သို့ သွားရောက်ထိုင်ချလိုက်သည်။ လူလည်း အတော်မောပန်းသွားသည်။ လူထုပရိသတ်ကြီး၏ လက်ခုပ်သံများကလည်း တဝေါဝေါနှင့် ဆူညံနေသည်။ ၎င်းတို့၏ အသံများသည် စိမ်းညို့ညို့ ထန်းတောများတစ်ဝိုက်ဝယ် ပဲ့တင်ရိုက်ဟည်း၍ နေတော့သည်။

ကိုအေးဆွေသည် အမျိုးသမီးအုပ်စုဘက်ဆီသို့ အမှတ်အထင် ကြည့်လိုက်မိ၏။ မိမိအား ပီတိရွှန်းနေသော မျက်နှာကလေးဖြင့် ပြုံးပြုံးလေးကြည့်နေရင်းက လက်ခုပ်တီးနေသော ထွေးရီအား မြင်ရသည်။ ယင်းသို့ ထွေးရီတို့လို ထန်းသမား သမီးပျိုလေးများက မိမိ၏အဆိုကို အားပါးတရ လှိုက်လှဲစွာ ထောက်ခံနေသလို ထန်းပိုင်ရှင်၏သမီး ခင်သန်းဌေးသာ ကြားရပါမူ သည်လို လက်ခုပ်ကလေးတီးကာ ထောက်ခံပါမည်လား။ သူ့မျက်နှာမှ မထောက်၊ ဝါးလုံးရှည်နှင့် သိမ်းယမ်းသည်ဟုဆိုကာ မိမိအား ရန်တွေ့လေမည်လားဟူသော အတွေးက ဝင်လာသည်။ ထိုစဉ် ဆယ်ရင်၏အသံက ထွက်ပေါ်လာသည်။

အခမ်းအနားမှူးဖြစ်သူ ဆယ်ရင်သည် စင်မြင့်ရှိ စကားပြောခွက်ရှေ့တွင် ရပ်လိုက်ကာ နံနက်စာ ထမင်းစားရန်အတွက် အချိန်ရောက်နေပြီဖြစ်၍ ညီလာခံကို ခေတ္တရပ်နားမည်ဖြစ်ကြောင်း၊ ညီလာခံ ရပ်နားလျှင် ထမင်းထုပ်များ ပေးဝေမည်ဖြစ်ရာ ယူငင်စားသောက်စေလိုပါကြောင်း၊ ညီလာခံကို မွန်းလွဲ ၁၂ နာရီခွဲတွင် ပြန်လည်ကျင်းပမည် ဖြစ်ကြောင်း။

နောက်ပြီး အဆိုရှင်ကိုအေးဆွေ တင်သွင်းသွားသော အချက် ၇ ချက်ပါသည့် အဆိုနှင့်ပတ်သက်၍လည်း ထောက်ခံသူ ကန့်ကွက်သူများ ရှိပါက လွတ်လွတ်လပ်လပ်နှင့် ပွင့်လင်းစွာ ထောက်ခံ ကန့်ကွက်သွားကြစေလိုကြောင်း၊ ထောက်ခံလိုသူ ကန့်ကွက်လိုသူများသည် ညီလာခံရပ်နားနေစဉ်အတွင်း အခမ်းအနားမှူးထံတွင် လာရောက်စာရင်းပေးထားစေလိုကြောင်း၊ ထို့နောက် ၁၂ နာရီခွဲ ညီလာခံပြန်စလျှင် ထောက်ခံခြင်း၊ ကန့်ကွက်ခြင်းများကို ဆက်လက်ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း စသည်ဖြင့်ပြောကြားပြီး ညီလာခံကို မွန်းလွဲ ၁၂ နာရီခွဲသို့ ရွှေ့ဆိုင်းလိုက်ကြောင်း ကြေညာလိုက်လေသည်။

မွန်းလွဲပိုင်း ညီလာခံပြန်စသည်ဆိုလျှင်ပင် ကိုအေးဆွေတင်သွင်းသော အဆိုနှင့်ပတ်သက်၍ စုပေါင်းနယ်မြေမှ ဦးထွန်းဖေကလည်းကောင်း၊ လက်ပံပင်ရွာထဲမှ ကိုကုလားကြီးကလည်းကောင်း၊ နှစ်ကျပ်ခွဲရွာမှ ဦးပေါ်ကြွယ်ကလည်းကောင်း၊ စပယ်ပင်ရွာမှ ကိုပန်းဒွေးကလည်းကောင်း ကျိုးကြောင်းပြ၍အသီးသီး ထောက်ခံသွားကြသည်။

ဤတွင် တင့်ကန်ရွာမှ ဦးအောင်ခိုင်ဆိုသူက နံပါတ် ၃ ထန်းစုငါးစု တစ်စုပေးရေး အဆိုပြုချက်နှင့် ပတ်သက်၍ -

"သည်အချက်နဲ့ပတ်သက်လို့ မဖြစ်နိုင်ဘူးလို့ ထင်ပါတယ်။ လက်တွေ့မှာ ထန်းစု ငါးစုတစ်စုပေးဖို့ဟာ မလွယ်လှပါဘူး။ ထန်းပိုင်ရှင်နဲ့ ထန်းသမားဟာ တစ်သက်လုံး ဆက်ဆံလာသူတွေမို့ မျက်နှာပူစရာကောင်းပါတယ်။ တကယ်လို့ ငါးစုတစ်စု ပေးပါပြီတဲ့၊ ဒါကို ထန်းပိုင်ရှင်က လက်မခံလျှင် ဘယ်လိုလုပ်မလဲ။ သလို ပေးလို့ ကျုပ်တို့ကို ထန်းလှည့်ဖက်ကထုတ်ပစ်ရင် ဘယ်လိုလုပ်မလဲ။ အဲသလို အခက်အခဲတွေကြောင့် လက်တွေ့မှာ မလွယ်တဲ့အတွက် သည်အဆိုကို ကျုပ် သဘောမတူပါဘူး" ဟုဆိုကာ ချေပကန့်ကွက်သွားလေသည်။

ထို့နောက်တစ်ဖန် ထန်းတောကြီးရွာ ကိုရန်ဝေးဆိုသူကလည်း "ထန်းတောများကို ပြည်သူပိုင်သိမ်းလိုက်ရင် ထန်းရှင်တွေဟာ ငတ်သွားမှာပေါ့။ အဲဒီအဆိုဟာ မတရားဘူးလို့ထင်ပါတယ်။ ဘာကြောင့်ဆိုတော့ရင် သူတို့ ဘိုးဘွားများလက်ထက်ကတိုင် ထန်းပင်များကို ကိုယ်တိုင်စိုက်ပျိုးလာခဲ့ကြတာပါ။ စိုက်ကတည်းက သူတို့အကျိုးငှာ စိုက်ခဲ့တာပါ။ သူတို့စိုက်ခဲ့လို့ အခု ကျုပ်တို့ကတောင် အဆင်သင့်ခူးယူ စားသုံးနေရပြီမဟုတ်လား။ အဲဒီတော့ သူတို့အကျိုးပျက်စီးအောင် ကျုပ်တို့က အစိုးရကို အကြံမပေးသင့်ပါဘူး။ သူများမနာလို ကိုယ်အကျိုးမရှိဆိုတာလိုဖြစ်သွားမှာ စိုးရပါတယ်" ဟု ဆိုကာ စတုတ္ထအချက်ဖြစ်သော "ထန်းတောများကိုပြည်သူပိုင်သိမ်း၍ ချထားဝေငှပေးပါရန် အစိုးရထံ အကြံဉာဏ်ပေးချက်" အဆိုကို အပြင်းအထန် ကန့်ကွက်သွားလေသည်။

ယင်းသို့ဖြင့် ကိုအေးဆွေ၏ အချက် ၇ ချက်ပါသော အဆိုနှင့်ပတ်သက်၍ အချို့အချက်များတွင် ကန့်ကွက်သူ၊ ထောက်ခံသူများဖြင့် သောသောညံအောင် အပြင်းအထန် ကန့်ကွက်ခြင်း၊ ထောက်ခံခြင်းဖြင့် တင်ပြဆွေးနွေးနေကြရာ နောက်ဆုံးတွင် မဲခွဲယူရလေသည်။

သို့သော် ထောက်ခံသူများသဖြင့် ကန့်ကွက်သူအချေရှင်များက သူတို့၏ ကန့်ကွက်ချက်များကို ပြန်လည်ရုပ်သိမ်းသွားရာ ကိုအေးဆွေ၏အဆိုမှာ အတည်ဖြစ်သွားလေသည်။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

**စာတည်း**

**"ကိုအေးဆွေသည် သူ၏အဆိုကို တင်သွင်းပြီးသည်နှင့် သူ့နေရာကုလားထိုင်သို့ သွားရောက်ထိုင်ချလိုက်သည်။ လူလည်း အတော်မောပန်းသွားသည်။ လူထုပရိသတ်ကြီး၏ လက်ခုပ်သံများကလည်း တဝေါဝေါနှင့် ဆူညံနေသည်။ ၎င်းတို့၏ အသံများသည် စိမ်းညို့ညို့ ထန်းတောများတစ်ဝိုက်ဝယ် ပဲ့တင်ရိုက်ဟည်း၍ နေတော့သည်။ ကိုအေးဆွေသည် အမျိုးသမီးအုပ်စုဘက်ဆီသို့ အမှတ်အထင်ကြည့်လိုက်မိ၏။ မိမိအား ပီတိရွှန်းနေသော မျက်နှာကလေးဖြင့် ပြုံးပြုံးလေးကြည့်နေရင်းက လက်ခုပ်တီးနေသော ထွေးရီအားမြင်ရသည်။ ယင်းသို့ ထွေးရီတို့လို ထန်းသမားသမီးပျိုလေးများက မိမိ၏အဆိုကို အားပါးတရ လှိုက်လှဲစွာ ထောက်ခံနေသလို ထန်းပိုင်ရှင်၏သမီး ခင်သန်းဌေးသာ ကြားရပါမူ..."**

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို ကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် တနင်္လာနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

## Grade 5

### Unit 2 Time and Seasons

### Lesson 1 : Time

**Reading**

**(A) Read the following dialogue and fill in the blanks with the suitable words given below.**

| | | | | |
|---|---|---|---|---|
| time | 6:00 a.m. | is | see you | are |
| fine | there | difference | late | everything |

Thida: Hi, Zu Zu! How ___(1)___ you?

ZuZu: Hi, Thida! I am ___(2)___! Thank you.

Thida: Nice! What ___(3)___ is it in California?

Zu Zu: Oh, it's 3:00 p.m., and what time ___(4)___it in Japan?

Thida: Oh now, It is ___(5)___. Zu Zu: Wow! It's so early ___(6)___!

Thida: Yes, they are 15 hours ___(7)___.

Zu Zu: Well, I must leave now. I am going to be ___(8)___.

Nice to ___(9)___Thida.

Thida: Good luck for ___(10)___! Nice to see you too, Zu Zu.

**Writing**

**(A)Fill in the blanks with a suitable word form.**

1. I study my lessons (day) ____________.
2. I (usual) __________ get up at 6 o'clock in the morning.
3. U Kyaw is our English (teach) ____________.
4. Can you tell me your daily (activity) ____________?
5. Maung Maung is a good (listen) ____________.

**(B) Supply the correct form of the verb given the brackets.**

(1) (leave) Can I _______ now?

(2) (get) What time do you ________ up every morning?

(3) (have) Our family usually _________ dinner at 7 p.m. every day.

(4) (go) Father ________ to office at 8 o'clock in the morning.

(5) (do) My brother ___________ homework now.

(6) (take) He usually ____________ a bath at 7 o'clock in the morning.

*****************

Answers: Unit 2 Time and seasons

Lesson 1 : Time

**Reading** (A) (1) are (2) fine (3) time (4) is (5) 6:00 a.m. (6) there (7) difference (8) late (9) see you (10) everything

**Writing** (A) 1. daily; 2. usually; 3. teacher; 4. activities; 5. listener;

(B) 1. leave; 2. get; 3. has; 4. goes; 5. is doing; 6. takes;

*****************

## Grade 6

### Unit 1 Lesson 3: Greetings for special events

Vocabulary exercises:

**(A) Reorder the following words.**

| | | | | |
|---|---|---|---|---|
| cold | cloudy | hot | snow | sunny |
| summer | winter | windy | weather | rain |

1. dcol __________
2. airn __________
3. winyd __________
4. smmeru __________
5. weeathr __________
6. cdyolu __________
7. oht __________
8. sonw __________
9. usnyn __________
10. wernit __________

**(B) Fill in the blanks with the given words.**

| | | | |
|---|---|---|---|
| snow | snowy | storm | stormy |
| sunny | cloudy | rain | rainy |

1. Let's wait till the _____ stops.
2. On _____ days, we play games at home.
3. Now, the skies are _____.
4. _____ covered his hair and his skin was cold.
5. We have had a very _____ winter this year.
6. It is _____ today. Let's go for a walk.
7. Lightning can occur during a _____.
8. It is dangerous to climb a mountain on a day when it is _____.

**(C)Supply the correct form of the words given in brackets.**

1. (sun) It's ________ today. Let's go shopping.
2. (wind) It is a ________ morning.
3. (cloud) This morning the weather is ________.
4. (snow) It was ________and very cold.
5. (rain) In the ________ season, fruits and vegetables are fresh.
6. (rain) ________ fell heavily all night.
7. (sand) The children are playing on the ________beach.
8. (storm) The weather was cold and ________.
9. (storm) The ________broke last night.
10. (noise) The engine was very ________at high speed.

*****************

**Answers: Lesson (3) Greetings for special events**

(A) 1. cold 2. rain 3. windy 4. summer 5. weather 6. cloudy 7. hot 8. snow 9. sunny 10. winter

(B) 1. rain; 2. rainy; 3. cloudy; 4. snow; 5. snowy; 6. sunny; 7. storm; 8. stormy;

(C) 1. sunny; 2. windy; 3. cloudy; 4. snowy; 5. rainy; 6. rain; 7. sandy; 8. stormy; 9. storm; 10. noisy;

*****************

## Grade 7

### Lesson 3: Comparing people or things

Comparative adjectives

**(A) အောက်ပါနာမဝိသေသနများကို အနိမ့်စားမှ အလတ်စားနှင့် အမြင့်စား ပုံစံပြောင်းပါ။**

| Positive | Comparative | Superlative |
|---|---|---|
| clean | __________ | __________ |
| dark | __________ | __________ |
| fast | __________ | __________ |
| generous | __________ | __________ |
| black | __________ | __________ |
| busy | __________ | __________ |
| careless | __________ | __________ |
| cheerful | __________ | __________ |
| fat | __________ | __________ |
| fit | __________ | __________ |

**(B) Make two sentences into one using the comparative form of the adjective.**

**ပေးထားသော စာကြောင်းနှစ်ကြောင်းကို အလတ်စား နာမဝိသေသန နှိုင်းယှဉ်ဝါကျအဖြစ် ရေးပြပါ။**

1. Nyi Nyi is hardworking. Ko Ko is very hardworking. Ko Ko is more hardworking than Nyi Nyi.
2. Thuzar is slim. Kyi Pyar is very slim. Kyi Pyar is ______________________.
3. Ohnmar is beautiful. Nilar is very beautiful.
4. Bo Bo is lazy. Nyo Nyo is very lazy.
5. My grandmother is talkative. My grandfather is very talkative.

**(C) Translate the following into English.**

1. ငါ့အမေက မင်းအမေထက်ပိုလှတယ်။
2. ငါ့အဖေက ငါ့ဦးလေးထက် အရပ်ပိုရှည်တယ်။
3. ငါတို့ဆရာက မင်းတို့ဆရာထက် စာသင်ပိုကောင်းတယ်။ (good at teaching)
4. မင်းကားက ငါတို့ကားထက် ပိုကောင်းတယ်။ (nice)
5. သူတို့ကျောင်းက ငါတို့စာသင်ကျောင်းထက် ပိုကြီးတယ်။
6. သူ့စာအုပ်က မင်းစာအုပ်ထက် ပိုမထူပါဘူး။
7. ငါ့လက်ရေးက မင်းလက်ရေးထက် ပိုလှတယ်။
8. သူ့ကားက မင်းကားထက် ဈေးပိုကြီးတယ်။
9. မင်းဖုန်းက ငါ့ဖုန်းထက် ပိုကောင်းတယ်။
10. ဇူးဇူးက ပုတူးထက် အသက် နှစ်နှစ် ပိုကြီးတယ်။

*****************

Answers:

Lesson 3: Comparing people or things

(A) Clean, cleaner, the cleanest; dark, darker, the darkest; fast, faster, the fastest; generous, more generous, the generous; black, blacker, the blackest; busy, busier, the busiest; careless, more careless, the careless, cheerful, more cheerful, the most cheerful; fat, fatter, the fattest; fit, fitter, the fittest;

(B) 1. Ko Ko is more hardworking than Nyi Nyi.
2. Kyi Pyar is slimmer than Thuzar.
3. Nilar is more beautiful than Ohnmar.
4. Nyo Nyo is lazier than Bo Bo.
5. My grandfather is more talkative than my grandmother.

(C) 1. My mother is more beautiful than yours.
2. My father is taller than my uncle.
3. Our teacher is better at teaching than yours.
4. Your car is nicer than ours.
5. Their school is bigger than ours.
6. His book is not thicker than yours.
7. My handwriting is more beautiful than yours.
8. His car is more expensive than yours.
9. Your smartphone is better than mine.
10. Zu Zu is two years older than Pu Tu.

*****************

## Grade 8

### Unit 1 Lesson 3: Busy dad!

**A. Order the words to make sentences correct.**

1. on/ they/ work/ Saturdays/ never
2. takes/ rarely/ train/ the/ Father
3. sometimes/ at/ to/ cinema/ the/ we/ the/ go/ weekends
4. am/ in/ I/ hurry/ a / never
5. I / early/ up/ often/ get
6. always/ the / Sunday/ make / on/ they / breakfast
7. friends / plays / the / with / she / her / in / often / park
8. bed / makes / he/ his / never
9. sometimes / on / play/ we / Sunday / cards
10. hardly / the / watch / they / TV / afternoon/ ever / in
11. always/ o'clock/ up / I / at/ get/ seven
12. have/ lunch / fish / seldom / for / we
13. rarely / bus / work/ by / to / go/ they
14. reads/ sister / the / my / newspaper / often
15. weekends /usually / boys / football/ the/ at/ play

**B.Cross out the incorrect adverbs of indefinite frequency in each sentence of the following.**

e.g. Khin Khin gets up early five days a week. Khin Khin gets up early very often/ sometimes.

Ans: Khin Khin gets up early very often.

1. It rains in the desert once or twice a year It hardly ever / often rains in the desert.
2. Most Sundays, I go to the cinema with friends.
3. I always / usually go to the cinema with friends on Sundays.
4. Mya Mya does yoga about three times a week.
5. Mya Mya occassionally/ frequently does yoga.
6. We spend all our holidays in Taunggyi. We always / sometimes go to Taunggyi on holidays.
7. Father works late about once a month. Father often / occasionally works late.

**(C)Translate the followings.**

**(အောက်ပါတို့ကို ဘာသာပြန်ဆိုပါ။)**

၁။ မေမေ နံနက်တိုင်း အိပ်ရာစောစောထသည်။ (get up/ every morning)

၂။ ဇော်လေး ညတိုင်း နွားနို့တစ်ခွက်သောက်သည်။ (drink/ every night)

၃။ မောင်မောင် သောကြာနေ့တိုင်း ဒီကိုလာသည်။ (come here/ every Friday)

၄။ ကျွန်တော် နေ့တိုင်း အိမ်စာလုပ်သည်။ (do home-work/ every day)

၅။ ဦးလေး တစ်ပတ်နှစ်ကြိမ် ရေသွားကူးသည်။ (go for a swim/ twice a week)

*********************

Answers: **Lesson 3: Busy dad!**

(A) 1. They never work on Saturdays. 2. Father rarely takes the train. 3. We sometimes go to the cinema at the weekends. 4. I am never in a hurry. 5. I often get up early. 6. They always make the breakfast on Sunday. 7. She often plays with her friends in the park. 8. He never makes his bed. 9. We sometimes play games on Sunday. 10. They hardly ever watch TV in the afternoon. 11. I always get up at seven o'clock. 12. We seldom have fish for lunch. 13. They rarely go to work by bus. 14. My sister often reads the newspaper. 15. The boys usually play football at weekends.

(B) 1. It hardly ever rains in the desert. 2. I always go to the cinema with friends on Sundays. 3. Mya Mya frequently does yoga. 4. We always go to Taunggyi on holidays. 5. Father occasionally works late.

(C) 1. Mother gets up early every morning. 2. Zaw Lay drinks a glass of milk every night. 3. Maung Maung comes here every Friday. 4. I do homework every day. 5. Uncle goes for a swim twice a week.

*****************

## Grade 9

### Lesson 3: Be my guest!

Grammar

**– Would you mind + Ving...? (ယဉ်ကျေးစွာဖြင့် ပန်ကြား)**
**– Do you mind + (not) Ving ….? (ယဉ်ကျေးစွာဖြင့် ပန်ကြား)**
**– Would you mind if Subject V2 …? (ယဉ်ကျေးစွာဖြင့် ခွင့်ပြုချက်တောင်းခံ)**
**– Do you mind if Subject V1 …? (ယဉ်ကျေးစွာဖြင့် ခွင့်ပြုချက်တောင်းခံ)**
အောက်ပါဥပမာများကို လေ့လာပါ။

– (ယဉ်ကျေးစွာဖြင့် ပန်ကြား)
e.g. close the window
(1) **Would you mind closing** the window? (ပြတင်းပေါက်လေး ပိတ်ပေးနိုင်မလား။)
(2) **Do you mind closing** the window?
e.g. help me carry these bags
(1) **Would you mind helping** me carry these bags? (ဒီအိတ်တွေ ကူသယ်ပေးနိုင်မလား။)
(2) **Do you mind helping** me carry these bags?
e.g. turn down the music
(1) **Would you mind turning down** the music? (သီချင်းသံတိုးပေးနိုင်မလား။)
(2) **Do you mind turning down** the music?

* (ယဉ်ကျေးစွာဖြင့် ခွင့်ပြုချက်တောင်းခံ)
e.g. me borrow your pen
(1) **Would** you mind if I **borrowed** your pen?
(2) **Do** you mind if I **borrow** your pen?
e.g. sit here
(1) **Would** you mind If I **sat** here?
(2) **Do** you mind If I **sit** here?

လေ့ကျင့်ခန်းများဖြေဆိုပါ။

(A) Make polite requests using "**Would you mind/ Do you mind …?**"

1. bring a glass of water
   Would ____________________________________________?
   Do ______________________________________________?
2. Turn on the TV
   Would ____________________________________________?
   Do ______________________________________________?
3. return the books to the library
   Would ____________________________________________?
   Do ______________________________________________?
4. Change that ringtone
   Would ____________________________________________?
   Do ______________________________________________?
5. Give me a hand solving the Maths questions
   Would ____________________________________________?
   Do ______________________________________________?
6. Don't make a noise
   Would ____________________________________________?
   Do ______________________________________________?
7. Don't jump on the seats on the school bus
   Would ____________________________________________?
   Do ______________________________________________?
8. Read aloud
   Would ____________________________________________?
   Do ______________________________________________?
9. Help me wash the car
   Would ____________________________________________?
   Do ______________________________________________?
10. Pronounce this word correctly
   Would ____________________________________________?
   Do ______________________________________________?

(B) Rewrite the following sentences using '**Would you mind if …/ Do you mind if …?**'

1.Can I sit here?
Would ____________________________________________?
Do ______________________________________________?

2.May I have a look at your book?
Would ____________________________________________?
Do ______________________________________________?

3.Can I switch off the lights?
Would ____________________________________________?
Do ______________________________________________?

4.Can I play with your pets?
Would ____________________________________________?
Do ______________________________________________?

5.May I use your phone for a while?
Would ____________________________________________?
Do ______________________________________________?

**(C) Study the following common responses to the expressions on making requests and asking for permission. Then give the correct responses to the following expressions.**

- Not at all. I'll …
- Of course not. I'll …
- No problem. I'll …
- Sure, go ahead.
- I don't mind.
- Go ahead. Feel free to …

e.g.**Would you mind closing the window?**
**Not at all. I'll close the window.**

(1) Do you mind lending me your pen?
______________________________
(2) Would you mind turning down the volume?
______________________________
(3) Would you mind if I used your phone to make a call?
______________________________
(4) Would you mind if we changed the meeting time to 6 p.m. today?
______________________________
(5) Would you mind if I borrowed your umbrella?
______________________________
(6) Do you mind if I open the window?
______________________________
(7) Do you mind if I take a photo of this beautiful view?
______________________________
(8) Do you mind if I sit here?
______________________________

**************************

Answers

**Lesson 3: Be my guest!**

(A) 1. Would you mind bringing a glass of water? / Do you mind bringing a glass of water? 2. Would you mind turning on the TV? / Do you mind turning on the TV? 3. Would you mind returning the books to the library? / Do you mind returning the books to the library? 4. Would you mind changing that ringtone? / Do you mind changing that ringtone? 5. Would you mind giving me a hand solving the Maths questions? / Do you mind giving me a hand solving the Maths questions? 6. Would you mind not making a noise? / Do you mind not making a noise? 7. Would you mind not jumping on the seats on the school bus? / Do you mind not jumping on the seats on the school bus? 8. Would you mind reading aloud? / Do you mind reading aloud? 9. Would you mind helping me wash the car? / Do you mind helping me wash the car? 10. Would you mind pronouncing this word correctly? / Do you mind pronouncing this word correctly?

(B) 1. Would you mind if I sat here? / Do you mind if I sit here? 2. Would you mind if I had a look at your book? / Do you mind if I have a look at your book? 3. Would you mind if I switched off the lights? / Do you mind if I switch off the lights? 4. Would you mind if I played with your pets? / Do you mind if I play with your pets? 5. Would you mind if I used your phone for a while? / Do you mind if I use your phone for a while?

(C) 1. Go ahead. Feel free to use it. 2. No problem. I'll. 3. Go ahead. Feel free to use it. 4. I don't mind. 5. Go ahead. 6. Sure, go ahead. 7. Sure, go ahead. 8. I don't mind.

**************************

## Grade 12

### Unit 1 GOOD MANNERS

**(3) Read the passage. (Seen passage)**

As we all know, teenagers and young adults are very often influenced by celebrities, films and the type of books and articles they read. Hence, they are quite likely to be misled and thereby acquire ill manners and negative views. There is still another institution that imparts manners: the work domain. Once a person gets a job, his work domain becomes an added institution to influence him, for good or evil.

To put it in a nutshell, the current generation as a whole is the most powerful and most responsible institution for the imparting of good manners. The modelling of society is no easy task. All the elders of this generation should conscientiously join hands and teach their juniors to be law–abiding, upright, honest, self–respecting, disciplined, punctual, charitable, helpful, merciful, and forgiving. The quality of the next generation is in the hands of the present generation. As a matter of fact, we are mutually responsible for building a well–mannered society.

**(A) Write the correct word or words to complete each sentence. (5 marks)**

1. Celebrities _________ teenagers and young adults very often.
2. Some books and articles we read ________ us to acquire ill manners and negative views.
3. The ___________ is another institution that imparts manners.
4. It can't be easy to ________ our society.
5. Youths are the most _________ to mend our future.

**(B) Answer each question in one sentence. (5 marks)**

6. How do celebrities influence the youths?
7. Who are responsible for imparting good manners to students in a school?
8. What should the elders teach their juniors to build a well–mannered society?
9. What does the quality of the next generation depend on?
10. What is another place that gives manners?

********************

**VI. Read the passage. (Unseen Passage)**

Digital devices have become an integral part of our daily lives, transforming the way we communicate, access **information**, and entertain ourselves. Digital devices encompass a wide range of portable **gadgets** such as smartphones, tablets, laptops, and smartwatches. These devices have revolutionized the way we connect with others and navigate the digital landscape.

One of the key benefits of digital devices is their ability to connect us to a vast amount of information through the internet. With a few taps or clicks, we can access news, research, educational resources, and multimedia content from all around the world. Digital devices have also transformed communication. Through messaging apps, social media platforms, and video conferencing tools, we can **instantly** connect with friends, family, and colleagues, regardless of geographical boundaries.

The convenience and **portability** of digital devices have revolutionized entertainment. With a smartphone or tablet, we can stream movies, listen to music, play games, and read books wherever we go. However, the growing **reliance** on digital devices raises concerns about screen time and its impact on our well–being. It is essential to strike a balance and practice healthy digital habits, such as taking breaks, engaging in physical activities, and maintaining social connections offline.

**(A) Find the bold–faced words in the passage that are similar in meaning in the following. (5 marks)**

1. facts provided or learned about something or someone. a. ______
2. small mechanical or electronic devices or tools b. ______
3. the ability to be easily carried or moved c. ______
4. dependence on or trust in someone or something d. ______
5. at once; immediately e. ______

**(B) Answer the following questions. Give complete answers. (10 marks)**

6. What are some examples of digital devices?
7. How have digital devices impacted our lives?
8. What is one advantage of digital devices in terms of information access?
9. How have digital devices changed the way we communicate?
10. How can we promote healthy digital habits?

*****************

Answers

Unit 1 GOOD MANNERS

**V. Seen passage (3)**

(A) 1. influence; 2. mislead; 3. work domain; 4. model; 5. responsible;

(B) 6. Celebrities influence the youths by misleading. 7. Teachers are responsible for imparting good manners to students in a school. 8. The elders should teach their juniors to be law–abiding, upright, honest, self–respecting, disciplined, punctual, charitable, helpful, merciful, and forgiving to build a well–mannered society. 9. The quality of the next generation depends on the hands of the present generation.

**VI.Unseen passage**

(A) 1. information; 2. gadgets; 3. portability; 4. reliance; 5. instantly;

(B) 6. Examples of digital devices include smartphones, tablets, laptops, and smartwatches.
7. Digital devices have impacted our lives by transforming communication, providing access to vast information, and changing how we entertain ourselves.
8. One advantage of digital devices is that they allow us to access a wide range of information through the internet.
9. Digital devices have changed the way we communicate by facilitating instant connections through messaging apps, social media, and video conferencing tools.
10. We can promote healthy digital habits by taking breaks from screens, engaging in physical activities, and maintaining social connections offline.

****************

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# အသင်းသမိုင်းတစ်လျှောက် တစ်ရာသီအတွင်း ပထမဆုံးအကြိမ် ဆုဖလားသုံးလုံးသိမ်းပိုက်နိုင်ခဲ့တဲ့ မန်စီးတီး




နည်းပြဂွါဒီယိုလာရဲ့ မန်စီးတီးအသင်းဟာ ဇွန် ၁၁ ရက်နံနက်ပိုင်းက အစ္စတန်ဘူလ်၌ ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ အင်တာမီလန်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် အသင်းရဲ့သမိုင်းတစ်လျှောက်မှာ ချန်ပီယံလိဂ်ဖလားကို ပထမဆုံးအကြိမ် ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သလို ဘောလုံးရာသီတစ်ရာသီအတွင်း ဆုဖလားသုံးလုံးကို ပထမဆုံး သိမ်းပိုက်နိုင်တဲ့ မှတ်တမ်းကောင်းတစ်ရပ်ကိုလည်း ရရှိခဲ့ပြီဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ အင်တာမီလန်အသင်းကို ဒုတိယပိုင်းပွဲကစားချိန် ၆၈ မိနစ်မှာ သွင်းယူခဲ့တဲ့ ရိုဒရီရဲ့ တစ်လုံးတည်းသောသွင်းဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ အင်တာမီလန်အသင်းကတော့ မန်စီးတီးအသင်းကို ရှုံးနိမ့်ခဲ့လို့ ချန်ပီယံလိဂ်ဖလား လေးကြိမ်မြောက် ဆွတ်ခူးနိုင်မယ့် မျှော်လင့်ချက်ပျက်ခဲ့ရတာဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ အခုချန်ပီယံလိဂ်ဖလားမရရှိမီကတည်းက ပရီမီယာလိဂ်ဖလားနဲ့ အက်ဖ်အေဖလားတို့ကို ရရှိခဲ့ပြီးဖြစ်တာကြောင့် ၁၉၉၉ ခုနှစ်က ချန်ပီယံလိဂ်ဖလား၊ ပရီမီယာလိဂ်ဖလားနဲ့ အက်ဖ်အေဖလား စတဲ့ ဖလားသုံးလုံးကို တစ်ရာသီအတွင်း ရယူဆွတ်ခူးနိုင်ခဲ့တဲ့ မန်ယူအသင်းပြီးရင် တစ်ရာသီအတွင်း ဖလားသုံးလုံးကို ရယူဆွတ်ခူးနိုင်ခဲ့တဲ့ ပထမဆုံး အင်္ဂလန်အသင်းအဖြစ်လည်း သမိုင်းဝင်ခဲ့ပါတယ်။

အခုဘောလုံးရာသီမှာ မန်စီးတီးအသင်းအနေနဲ့ တစ်ရာသီအတွင်း ဆုဖလားသုံးလုံးဆွတ်ခူးကာ မှတ်တမ်းဝင်ခဲ့သလို တိုက်စစ်မှူး ဟာလန်းကလည်း ပရီမီယာလိဂ်သွင်းဂိုး ၃၆ ဂိုး၊ ပြိုင်ပွဲစုံ သွင်းဂိုး ၅၂ ဂိုးနဲ့ သွင်းဂိုးအများဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ပါတယ်။

တိုက်စစ်မှူး ဟာလန်းဟာ ချန်ပီယံလိဂ်မှာတော့ သွင်းဂိုး ၁၂ ဂိုးသာ သွင်းယူနိုင်ခဲ့လို့ ၂၀၁၂-၂၀၁၃ ဘောလုံးရာသီက မန်ယူအသင်းနဲ့အတူ ချန်ပီယံလိဂ်သွင်းဂိုး ၁၂ ဂိုးသွင်းယူနိုင်ခဲ့တဲ့ နစ္စတယ်ရွိုင်းရဲ့ တစ်ရာသီအတွင်း ချန်ပီယံလိဂ်ဂိုးသွင်းအများဆုံးစံချိန်ကို လိုက်မီခဲ့တာဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ ၂၀၂၁ ခုနှစ်အတွင်းက ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲဆီ တက်လှမ်းနိုင်ခဲ့ပေမယ့် ပရီမီယာလိဂ်ပြိုင်ဘက် ချယ်လ်ဆီးအသင်းကို ရှုံးနိမ့်ခဲ့လို့ ချန်ပီယံလိဂ်ဖလား ချန်ပီယံဖြစ်ခွင့် အခွင့်အရေးနဲ့လွဲခဲ့ရတာဖြစ်ပါတယ်။ နည်းပြဂွါဒီယိုလာဟာ ၂၀၀၉ ခုနှစ်နဲ့ ၂၀၁၁ ခုနှစ်တို့မှာ ဘာစီလိုနာအသင်းနဲ့အတူ ချန်ပီယံလိဂ်ဖလား နှစ်ကြိမ် ရယူဆွတ်ခူးနိုင်ခဲ့ပြီးဖြစ်တာကြောင့် လက်ရှိအချိန်မှာ ချန်ပီယံလိဂ်ဖလားကို သုံးကြိမ်မြောက်ဆွတ်ခူးနိုင်ခဲ့တဲ့ နည်းပြဖြစ်လာခဲ့ပါတယ်။

ဒါ့ပြင် နည်းပြဂွါဒီယိုလာအနေနဲ့ မန်စီးတီးအသင်းကို ခြောက်နှစ်တာကာလအတွင်း ပရီမီယာလိဂ် ငါးကြိမ်အထိ ဆွတ်ခူးနိုင်ရေး စွမ်းဆောင်ပေးနိုင်ခဲ့ပြီး မန်စီးတီးအသင်းဟာ နည်းပြဂွါဒီယိုလာမတိုင်မီ အသင်းသမိုင်းတစ်လျှောက် ပရီမီယာလိဂ်ဖလားကို ရယူပေးနိုင်ခဲ့တဲ့ နည်းပြတွေကတော့ မန်စီနီနဲ့ ပယ်လီဂရီနီတို့ပဲဖြစ်ပါတယ်။

ဒါကြောင့် မန်စီးတီးအသင်းဟာ ပိုင်ရှင်အပြောင်းအလဲဖြစ်ခဲ့ပြီးနောက်ပိုင်း ပရီမီယာလိဂ်ဖလားကို ခုနစ်ကြိမ်၊ အက်ဖ်အေဖလားသုံးကြိမ်နဲ့ အီးအက်ဖ်အယ်လ်ဖလားခြောက်ကြိမ်တို့ကို ရယူနိုင်ခဲ့တာဖြစ်ပါတယ်။ မန်စီးတီးအသင်းဟာ အခုဘောလုံးရာသီမှာ တစ်ရာသီအတွင်း ဆုဖလားသုံးလုံးကို သိမ်းပိုက်နိုင်ခဲ့တဲ့အပြင် ပရီမီယာလိဂ်ဖလားကိုလည်း သုံးရာသီ ဆက်တိုက်ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။

## စပါးအသင်းက မန်ယူတိုက်စစ်မှူး ဂျာဒန်ဆန်ချိုကို ပေါင်သန်း ၅၀ နဲ့ခေါ်ယူရန် စီစဉ်နေ

စပါးအသင်းဟာ လက်ရှိနည်းပြသစ် ပိုစတီကော့လူး လက်ထက်မှာ အသင်းကိုပြန်လည်တည်ဆောက်ရန်အတွက် မန်ယူအသင်းမှ အင်္ဂလန်တိုက်စစ်မှူး ဂျာဒန်ဆန်ချိုကို ပြောင်းရွှေ့ကြေးပေါင် သန်း ၅၀ နဲ့ ခေါ်ယူဖို့ စီစဉ်လျက်ရှိတယ်လို့ သိရပါတယ်။

အသက် ၂၃ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဂျာဒန်ဆန်ချိုဟာ ပြီးခဲ့တဲ့နှစ်အတွင်းက ကြံ့ခိုင်မှုနဲ့ ပုံစံကောင်းရရှိဖို့ ရုန်းကန်ခဲ့ရတာကြောင့် ရုပ်ပိုင်းနဲ့ စိတ်ပိုင်းဆိုင်ရာ သက်သာမှုရရှိစေရေး နည်းပြအဲရစ်တန်ဟက်က နယ်သာလန်နိုင်ငံသို့ စေလွှတ်ခဲ့တယ်လို့လည်း သိရပါတယ်။

လက်ရှိအချိန်မှာ မန်ယူအသင်းရဲ့ ပရီမီယာလိဂ်ပြိုင်ဘက်အသင်းတွေက တိုက်စစ်မှူး ဂျာဒန်ဆန်ချိုရဲ့ အခြေအနေကို နီးကပ်စွာစောင့်ကြည့်နေပြီး စပါးအသင်းက ဂျာဒန်ဆန်ချိုကို ခေါ်ယူဖို့ စီစဉ်နေတဲ့အပြင် ပရီမီယာလိဂ်ကနေ တန်းဆင်းသွားတဲ့ လက်စတာစီးတီးအသင်းကစားသမား ဂျိမ်းစ်မက်ဒီဆင်ကိုလည်း ခေါ်ယူဖို့ ဆွေးနွေးလျက်ရှိတယ်လို့ သိရပါတယ်။ စပါးအသင်းဟာ ဂျိမ်းစ်မက်ဒီဆင်ကိုတော့ ပေါင်သန်း ၄၀ နဲ့ ခေါ်ယူဖို့ ပြင်ဆင်နေတာဖြစ်ပါတယ်။






## ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ် ဆွီယာတက်ခ် ပြင်သစ်အိုးပင်းတင်းနစ်ဖလား ဆွတ်ခူး

ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ် ဆွီယာတက်ခ်ဟာ ဇွန် ၁၀ ရက်ညပိုင်းက ပြင်သစ်နိုင်ငံ ပါရီမြို့မှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသမီးတစ်ဦးချင်း နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ ပြိုင်ဘက်ဖြစ်တဲ့ ချက်တင်းနစ်မယ် ကာရိုလီနာ မူချိုဗာကို အနိုင်ရရှိခဲ့တာကြောင့် ပြင်သစ်အိုးပင်းတင်းနစ်ဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။

အသက် ၂၂ နှစ်အရွယ်ရှိ ပိုလန်တင်းနစ်မယ် ဆွီယာတက်ခ်ဟာ ကာရိုလီနာ မူချိုဗာကို ၆-၂၊ ၅-၇၊ ၆-၄ နဲ့ အနိုင်ရရှိခဲ့လို့ လေးနှစ်တာကာလအတွင်း ပြင်သစ်အိုးပင်းတင်းနစ်ဖလားကို သုံးကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။ ဆွီယာတက်ခ်ဟာ ၂၀၂၀ ပြည့်နှစ်နဲ့ ၂၀၂၂ ခုနှစ်တို့မှာလည်း ပြင်သစ်အိုးပင်းတင်းနစ်ဖလားကို ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။

လက်ရှိမှာ ဆွီယာတက်ခ်ဟာ ပြင်သစ်အိုးပင်းတင်းနစ်ဖလားကို နှစ်နှစ်ဆက်တိုက် ဆွတ်ခူးနိုင်ခဲ့တာကြောင့် ၁၉၉၀ ပြည့်နှစ်က မိုနီကာဆီလက်စ်ပြီးရင် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ နှစ်နှစ်ဆက်တိုက် ဆွတ်ခူးနိုင်ခဲ့တဲ့ အသက်အငယ်ဆုံးတင်းနစ်မယ်လည်း ဖြစ်လာခဲ့ပါတယ်။

ငွေကြယ် - ရေးသားသည်

## ဘောလုံးလောက သတင်းတိုများ

- မန်ယူအသင်းဟာ ချယ်လ်ဆီးအသင်းမှ အင်္ဂလန်ကွင်းလယ်ကစားသမား မေဆင်မောင့်ကို ခေါ်ယူဖို့ ပစ်မှတ်ထားနေပေမယ့် ပြောင်းရွှေ့ကြေးပေါင်သန်း ၆၀ ပေးမှာမဟုတ်ဘူးလို့ သိရပါတယ်။
- နယူးကာဆယ်အသင်းဟာ မန်ယူအသင်းနောက်တန်းကစားသမား ဟယ်ရီမက်ဂွိုင်းယားကို အငှားစာချုပ်ဖြင့် ခေါ်ယူရန် ဆန္ဒရှိနေပြီး အငှားမခေါ်ယူနိုင်ခဲ့ပါက ဝယ်ယူရန်အထိ ဆုံးဖြတ်ထားတယ်လို့ သိရပါတယ်။
- အာဆင်နယ်အသင်းဟာ ဝက်စ်ဟမ်းကွင်းလယ်ကစားသမား ဒီကလန်ရိုက်ကိုခေါ်ယူရန် အပြိုင်ကြိုးပမ်းနေပေမယ့် ဝက်စ်ဟမ်းအသင်းက တောင်းဆိုထားတဲ့ ဈေးနှုန်းကိုပေးဖို့ မပြင်ဆင်ရသေးဘူးလို့ သိရပါတယ်။
- ရီးယဲလ်မက်ဒရစ်အသင်းဥက္ကဋ္ဌ ဖလော်ရန်တီနိုပီရက်ဇ်ဟာ ပီအက်စ်ဂျီအသင်းမှ ပြင်သစ်တိုက်စစ်မှူး အမ်ဘတ်ပီကို ခေါ်ယူဖို့ ဆန္ဒရှိပေမယ့် အခုနှစ်အတွင်း ခေါ်ယူသွားဖို့မရှိဘူးလို့ သိရပါတယ်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း






ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၇၂၀ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၉၃ သိန်း | ၄၀၈၀၇ သိန်း |
| ၃။ | သုဓမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀. ၀၀ | ၆ | ၆ | - |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၄၈၁၀. ၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | ၁ | - |
| ၇။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၈။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၄ ခု | ၁၄ ခု |
| ၉။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၆ တိုင် | ၃ တိုင် |
| ၁၀။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၁၆ ခန်း | ၁၈၄ ခန်း |
| ၁၁။ | မြန်မာမှုတစ်ဖက်လှခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၉၅ ခန်း | ၃၆၀ ခန်း |
| ၁၂။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၃၂. ၀၀ | ၅၀ တိုင် | - | ၅၀ တိုင် |
| ၁၃။ | လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင် | ၁၆. ၈၅ | ၂၀၈ တိုင် | - | ၂၀၈ တိုင် |
| ၁၄။ | Garden Light (၄ မီတာ) ၁ တိုင်လျှင် | ၁၉. ၀၀ | ၃၆၆ တိုင် | - | ၃၆၆ တိုင် |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၅၅ ခု | ၄၉၇ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၈. ၅၀ | ၇၅၇၆. ၃၅ ကျင်း | - | ၇၅၇၆. ၃၅ ကျင်း |
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉. ၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၆. ၅၀ | ၈၄၇၃ ကျင်း | - | ၈၄၇၃ ကျင်း |
| ၁၉။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၈၅ သိန်း | ၁၇၃၄၆. ၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၈. ၅၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၀။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၂၁၉. ၀၀ | ၁၂၇ ခု | - | ၁၂၇ ခု |
| ၂၁။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Creamy Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၁၀၀၀ စုံ | ၅၈၆ စုံ | ၄၁၄ စုံ |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၂၄၄ စုံ | ၂၅၆ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၁၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## “အများသိစေရန်ကြေညာချက်”

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၆)၊ မြေကွက်အမှတ် (၆၁၆+၆၁၇)၊ အလျား ၄၀ပေxအနံ ၆၀ပေ)စီအကျယ်ရှိ စုစုပေါင်း (အလျား၈၀ပေxအနံ၆၀ပေ) အကျယ်ရှိ နှစ်(၆၀)မြေငှားဂရန်အမျိုးအစားမြေကွက်များနှင့်ယင်းမြေကွက်များပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အမှတ် (၆၁၆+၆၁၇) ဟုခေါ်တွင်သော မြေကွက်များ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးထွန်းလှ (CD-၀၅၄၄၃၈) [၁၂/တမန(နိုင်)၀၃၆၇၈၅] အမည်ပါက်ကြောင်း၊ ၎င်းကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ်အမှတ် (၄၆၁/၂၀၁၆)ဖြင့် ဒေါ်ခင်ခင်ကလေး [၁၂/တမန(နိုင်) ၀၇၃၀၁၂]ဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ ၎င်းထံမှရောင်းသူ ဦးမျိုးသက် [၁၂/သဃက(နိုင်)၀၃၉၂၇၂] မှ အဆက်စပ်စာချုပ်စာတမ်းများဝယ်ယူပိုင်ဆိုင်ကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်းပြောဆို ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော (၁) ဦးတင်ကျော်နန္ဒ [၆/မအရ(နိုင်)၀၈၈၁၅၁] နှင့် (၂)ဒေါ်မေနွယ်အေး [၆/မအရ(နိုင်)၁၀၁၁၇၁] တို့မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤမြေကွက်များအရောင်းအဝယ်အပေါ်ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုစုငြိမ်း LL.B,D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ၊ စဉ် - ၉၂၈၉**
**အမှတ် (၅၅)၊ အခန်း (၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၁-၃၇၃၀၄၆၊ ၀၉-၅၄၀၆၆၁၁**

## “အများသိစေရန်ကြေညာချက်”

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ် (၁၁၃/၁၁၅/၁၁၇) ဟုခေါ်တွင်သော (၄)ခန်းတွဲ(၈)ထပ်တိုက်အဆောက်အဦကြီး၏ အမှတ် (၁၁၃/၁၁၅/၁၁၇)၊ စတုတ္ထထပ်/(၅)လွှာရှိ အခန်းအမှတ် (A4 နှင့် B4)၊ အကျယ်အဝန်း (အလျား၁၆ပေxအနံ၅၅ပေ)၊ အမြင့် (၉ပေ)အကျယ်ရှိ တိုက်ခန်းများနှင့် ရေမီးအစုံအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရောင်းသူများဖြစ်သော ဦးမိုးဇော် [၁၂/မဂတ(နိုင်)၀၀၀၄၃၅]နှင့် ဒေါ်ခင်ကေသွယ်မြင့်(ခ) ဒေါ်ကေသွယ် [၁၂/ဗတထ (နိုင်)၀၂၈၇၉၂] မှ “(၅-၈-၂၀၁၂) ရက်စွဲပါ တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်သဘောတူကတိစာချုပ်” အရဝယ်ယူလက်ရောက်ပိုင်ဆိုင်ကြောင်း၊ မြေရှင်အသိအမှတ်ပြုလက်မှတ်ရေးထိုးပေးမည်ဖြစ်ကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤတိုက်ခန်းများအရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍(၁၄) ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့် တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုစုငြိမ်း LL.B.,D.B.L., D.I.L.**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်- ၉၂၈၉**
**အမှတ် (၅၅)၊ အခန်း (၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၁-၃၇၃၀၄၆၊ ၀၉-၅၄၀၆၆၁၁**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

